# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 21 January 2021 ၁၀၂၆၄


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးစိုးဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေးနှင့် ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


ကြေးမုံ ယနေ့ ဖတ်စရာ

နေပြည်တော်တွင် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဖဟိုဌာန စတင်တည်ဆောက် — စာမျက်နှာ » ၅

ငယ်ပေါင်းကြီးဖော် မြန်မာ့အသံ — ဆောင်းပါး စာမျက်နှာ » ၆

ဘေးဒဏ်ကိုကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ တုံ့ပြန်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု ညှိနှိုင်းအစည်းအဝေး ကျင်းပ — စာမျက်နှာ » ၈

ဇီဝနည်းပညာ စက်မှုလုပ်ငန်းများအတွက် “ဇီဝနည်းစဉ်အင်ဂျင်နီယာပညာ” — ဆောင်းပါး စာမျက်နှာ » ၉


# ရန်ကုန်တိုင်းဒေသကြီးရှိ ပန်းခြံနှင့် ကစားကွင်းများကို ဇန်နဝါရီ ၂၁ ရက်တွင် အချိန်ပိုင်းဖြင့် ပြန်လည်ဖွင့်လှစ်ပေးမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ပိုမိုထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးအတွက် လူစုလူဝေးမဖြစ်ပေါ်စေရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပန်းခြံနှင့် ကစားကွင်းများအားလုံးကို ယာယီပိတ်ထားခဲ့ရာ ဇန်နဝါရီ ၂၁ ရက်တွင် နံနက် ၅ နာရီမှ နံနက် ၉ နာရီခွဲအထိ နေ့စဉ် အချိန်ပိုင်းဖြင့် ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

“ပန်းခြံနဲ့ ကစားကွင်းအားလုံးကို ယာယီပိတ်ထားတာ ဒီနေ့မှာ သတ်မှတ်ကာလ သက်တမ်းပြည့်သွားပြီမို့ အများပြည်သူများကလည်း ကျန်းမာရေး ကိုယ်လက်လှုပ်ရှားမှုတွေ ဆောင်ရွက်ချင်ပါတယ်ဆိုတဲ့ တင်ပြမှုတွေ ရှိလာတဲ့အတွက်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒




KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ရပ်အကျိုး ရွာအကျိုး တိုင်းပြည်အကျိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၉ တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားသည်။

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ သက်တမ်းသည် နိုင်ငံတော်သမ္မတ၏သက်တမ်းနှင့် အတူတူပင်ဖြစ်၍ လာမည့် ဧပြီလ ၁ ရက်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးအသစ်များ ခန့်အပ်တာဝန်ပေးရမည်ဖြစ်သည်။ ထို့ကြောင့် လွန်ခဲ့သည့်လများကတည်းက ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရွေးချယ်ရေး လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်မှုစံလုပ်ငန်းလမ်းညွှန် (SOP) ကို ပြည်သူများအား ချပြအသိပေးခဲ့သည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးသည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၏ အခြေခံအကျဆုံးဖြစ်သည်။ အခြေခံအုတ်မြစ်ခိုင်မာမှ အဆောက်အအုံ တောင့်တင်းခိုင်မာမည်ဖြစ်၍ အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများအား တာဝန်ယူဆောင်ရွက်မည့် အုပ်ချုပ်ရေးမှူးများကို ဥပဒေနှင့်အညီ စနစ်တကျရွေးချယ်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နိုင်ငံကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရာ၌ ရပ်ကွက်၊ ကျေးရွာကောင်းလျှင် မြို့နယ်ကောင်းမည်။ မြို့နယ်ကောင်းလျှင် ခရိုင်ကောင်းမည်။ ခရိုင်ကောင်းလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်းမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်းလျှင် နိုင်ငံကောင်းမည်ဟူသော ခံယူချက်ဖြင့် ဆောင်ရွက်ကြရပါမည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏အုပ်ချုပ်ရေးကို တာဝန်ယူဆောင်ရွက်မည့်သူများအား ရွေးချယ်ရာတွင် ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်ဖြစ်ရုံမျှဖြင့် လုံလောက်မည်မဟုတ်ပေ။ ရပ်အကျိုး ရွာအကျိုးကို အစဉ်သယ်ပိုးလိုစိတ်ရှိပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျ မှန်မှန်ကန်ကန်၊ ရဲရဲဝံ့ဝံ့ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်မျိုးဖြစ်သင့်သည်။ ရပ်ရွာအတွင်း မှီတင်းနေထိုင်သူအားလုံး၏ အကျိုးကို တရားမျှတမှုရှိစွာ၊ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည့်သူဖြစ်၍ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ပါတီစွဲ ကင်းဖို့လိုအပ်ပေသည်။

ရပ်ကွက်ကျေးရွာ အုပ်ချုပ်သူများသည် နိုင်ငံကိုကိုယ်စားပြုသည့် အခြေခံအကျဆုံးပုဂ္ဂိုလ်များဖြစ်၍ နိုင်ငံအပေါ်သစ္စာရှိပြီး နိုင်ငံကိုဆန့်ကျင်သူမဖြစ်ရေး သတိပြုရွေးချယ်ရမည်ဖြစ်သည်။ ပြီးခဲ့သည့်ကာလများက အချို့ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအနေဖြင့် နိုင်ငံရေးအရဖြစ်စေ၊ ဘဏ္ဍာရေးအရဖြစ်စေ ပြောစရာ၊ ဆိုစရာ၊ အငြင်းပွားစရာများရှိခဲ့သဖြင့် ရပ်ရွာနေပြည်သူလူထု စိတ်ဝင်စားမှုမြင့်တက်ခဲ့သည်။ အချို့အုပ်ချုပ်ရေးမှူးများမှာ ရပ်ရေးရွာရေးတွင် တက်တက်ကြွကြွ ဆောင်ရွက်ကြသူများရှိပြီး အချို့အုပ်ချုပ်ရေးမှူးများမှာ ဝတ်ကျေတန်းကျေ၊ လူမုန်းမခံ အုပ်ချုပ်ကြသူများလည်းရှိသည်။ ကိုဗစ်-၁၉ ကာလတွင် မည်သည့်အုပ်ချုပ်ရေးမှူးများသည် မည်သို့စွမ်းဆောင်ရည်ရှိကြသည်ကို လက်တွေ့မြင်တွေ့ကြပြီဖြစ်သည်။

ယခုလာမည့် ရပ်ရွာအုပ်ချုပ်ရေးသက်တမ်းကာလသည် မိမိတို့ရပ်ရွာအတွက်သာမက တိုင်းပြည်အတွက်ပါ အလွန်အရေးကြီးသောအချိန်ကာလဖြစ်ပါသည်။ နိုင်ငံတော်အစိုးရက တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ကတိကဝတ်ပြုထားသည်တို့ကို ဖော်ဆောင်နိုင်ရန် အခြေခံကျသည့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအပိုင်းမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုသက်တမ်းကာလသစ်တွင် ရပ်ရွာအုပ်ချုပ်ရေးအခန်းကဏ္ဍကို ပိုမိုအလေးထားဆောင်ရွက်ပေးထားရာ ရပ်ရွာနေပြည်သူများအနေဖြင့် မိမိတို့ရပ်ရွာကို အမှန်တကယ်အကျိုးပြုနိုင်မည့် ရပ်ရွာအုပ်ချုပ်သူများအား ရွေးချယ်ပေးကြရမည်ဖြစ်သည်။

ရှေးယခင် ရပ်ရွာအုပ်ချုပ်သူများက မိမိတို့ရပ်ရွာကို ပွဲပြီးမီးသေအုပ်ချုပ်နိုင်သဖြင့် အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်းမှ အားထားရသည့် ဥပဒေနှင့်ညီညွတ်သော ဆောင်ရွက်ချက်များမှာ မှတ်သားစရာဖြစ်သည်။ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းအဆင့်ဟူသည်မှာ အောက်ခြေရပ်ရွာများနှင့် လတ်တလောအလုမ်းဝေးပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်သူများသာ ရပ်ရွာအတွင်း ဖြစ်ပေါ်လာသောကိစ္စများတွင် ချက်ချင်းဖြေရှင်းနိုင်သောကိစ္စများကို ဖြေရှင်း၊ မဖြေရှင်းနိုင်သောကိစ္စများ၊ ဥပဒေကြောင်းဆိုင်ရာကိစ္စများကို မြို့နယ်သို့ဆက်လက်သတင်းပို့၍ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရသည်။

သို့ဖြစ်ရာ မကြာမီကာလတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်သူများကို ရွေးချယ်ကြရတော့မည်ဖြစ်ရာ "ပြည်သူနှင့်အတူ"၊ "ပြည်သူသည်သာအဓိက" ဆိုသည်နှင့်အညီ ရပ်ရွာအကျိုး၊ ပြည်သူအကျိုးကို ဥပဒေနှင့်အညီ အလေးထား ဦးစားပေးဆောင်ရွက်ပေးနိုင်သူများကို ရွေးချယ်ပေးခြင်းဖြင့် နိုင်ငံအကျိုးကို အလေးဂရုပြု ရှေးရှုရမည်ဖြစ်ပါကြောင်း။ ။

# ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးဝယ်ယူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲနှင့် အောက်ဆီဂျင်အိုးများ လှူဒါန်းပွဲ ကျင်းပ

**မကွေး ဇန်နဝါရီ ၂၀**

မကွေးမြို့ ကရုဏာရှင်များနာရေးကူညီမှုအသင်းကြီး၏ ဦးဆောင်မှုဖြင့် မကွေးမြို့ပေါ်ရှိ အလှူရှင်များ စုပေါင်း၍ ကိုဗစ်-၁၉ ကာကွယ် ဆေးဝယ်ယူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲနှင့် ကရုဏာရှင်များနာရေးကူညီမှုအသင်းသို့ အောက်ဆီဂျင်အိုးများ လှူဒါန်းခြင်း စုပေါင်းရေစက်ချအခမ်းအနားကို မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်မာမက သိမ်တော်အတွင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ မကွေးမြို့ပေါ် ကျောင်းတိုက်မှ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပရိသတ်များက မကွေးမြို့ ရာဇမုနိတောင်ပေါ်ကျောင်းတိုက် သက်တော်ရှည်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင်များဖြစ်သည့် ဦးမောင်မောင်တာ-ဒေါ်အေးအေးဝင်း မိသားစု ("တာ"ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံ၊ မကွေးမြို့)က ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် အလှူငွေကျပ်သိန်း ၁၀၀ နှင့် အောက်ဆီဂျင် အိုးသစ်အလုံး ၂၀ အတွက် ငွေကျပ်သိန်း ၂၀၊ We Love Magway အဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၂၅၀၊ ဒေါက်တာ သူရမောင်မောင်-ဒေါက်တာ နန်းအွမ်ခမ်း မိသားစု (ဗစ်တိုးရီးယားပိုးထည်ဆိုင်၊ မကွေးမြို့)က ကာကွယ်ဆေး ဝယ်ယူရန် အလှူငွေကျပ် ၁၀ သိန်းနှင့် အောက်ဆီဂျင်အိုးသစ် ငါးလုံးအတွက် ငါးသိန်း၊ ဒေါ်ထွေးထွေးဝင်း မိသားစု မကွေးမြို့က ဆေးဝယ်ယူရန် အလှူငွေကျပ် ငါးသိန်းနှင့် အောက်ဆီဂျင်အိုး ငါးလုံးအတွက် ငါးသိန်း၊ မကွေးမြို့ ကရုဏာရှင်များနာရေး ကူညီမှုအသင်းက ကျပ်ငါးသိန်း လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၃၇၅ သိန်းအား လှူဒါန်းခဲ့ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။



ဆက်လက်၍ မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းသို့ အလှူရှင်များက လှူဒါန်းသော အောက်ဆီဂျင်အိုးသစ် ၁၁၁ လုံးအား မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသက်လွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက်မကွေးမြို့ မဟာဝိသုတာရာမတိုက် နာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသာသနက ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် လှူဒါန်းရခြင်းနှင့် အောက်ဆီဂျင် လှူဒါန်းရခြင်းတို့နှင့် စပ်လျဉ်း၍ လျှောက်ထားခဲ့ပြီး သံဃာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေး)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀-၁-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၇၀၀ | ၉,၇၀၀ | ၇၁၂ | ၆,၉၀၆,၅၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၀၀ | ၂,၁၄၇ | ၇,၉၆၁,၂၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁ | ၈,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၅၂ | ၁,၁၄၄,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၇၈၅ | ၂,၁၁၉,၅၀၀ |
| EFR | ၃,၇၀၀ | ၃,၆၀၀ | ၁၈၆ | ၆၇၀,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၂၀

ရန်ကုန်(ရွှေဈေး) ၁၃၂၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၂၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၆၀/၇၁၀ ကျပ် | ၇၀၅/၇၂၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၉၅ ကျပ် | ၆၉၀/၇၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၇၀ ကျပ် | ၈၁၅/၈၃၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၂၅/၆၅၅ ကျပ် | ၆၉၀/၆၉၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၉၀/၆၀၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၈၀/၅၈၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၄.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၈.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆.၃၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၅၀၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉.၉၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၆၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၁.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၅.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၅.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၁၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❂ ရှေ့ဖုံးမှ
အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စွန့်လွှတ်စရာမလို**

အစည်းအဝေးတွင် ဒုတိယသမ္မတက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နှစ်နိုင်ငံသားစနစ်ကို ခွင့်ပြုထားခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများနှင့် ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်မဟုတ်သော်လည်း အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းစဉ်ပါ နိုင်ငံ၏ အကျိုးကို ဖော်ဆောင်လိုသည့် မြန်မာနိုင်ငံသားဟောင်းများနှင့်ဆက်စပ် နိုင်ငံခြားသားများ၊ ၎င်းတို့၏မှီခိုသူမိသားစုဝင်များ၊ တစ်ဖက်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူထားခြင်းကို စွန့်လွှတ်စရာမလိုဘဲ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အရှိန်အဟုန်ဖြင့် ပါဝင်ဆောင်ရွက်နိုင်မည့်အပြင် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့ အတည်ပြုချက်အရ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် ထုတ်ပြန်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် စီမံခန့်ခွဲမှုကော်မတီ၊ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါကြောင်း။

**ပြင်ဆင်ဖြည့်စွက်ခဲ့**

အစိုးရသစ်လက်ထက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီကိုလည်းကောင်း၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုလည်းကောင်း၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကိုလည်းကောင်း အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ "နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ" ထုတ်ပြန်ခဲ့သည့်အတွက် ထူးခြားမှုအနေဖြင့် ပြည်ပရှိမြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးနှင့် အဖွဲ့ရုံးများတွင်လည်း နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် လျှောက်ထားနိုင်မှုကို အဓိကပြင်ဆင်ဖြည့်စွက်ခဲ့ပါကြောင်း။

မိမိတို့ အစိုးရလက်ထက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက် အထိလျှောက်ထားသူ ၄၃၄ ဦး၊ ၂၀၁၅ ခုနှစ်မှ လျှောက်ထားသူအပါအဝင် ခွင့်ပြုသူ ၄၄၄ ဦး၊ ငြင်းပယ်ခဲ့သူ လေးဦး၊ စိစစ်ဆဲတစ်ဦးရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လူတွေ့လာရောက်စစ်ဆေးခံရန် ၁၀ ဦး ကျန်ရှိပါကြောင်း။

**တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်**

မိမိတို့အစိုးရလက်ထက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် ဆောင်ရွက်မှုမှရရှိသည့် နိုင်ငံခြားရငွေမှာ ကနဦးလျှောက်ထားခြင်းမှအမေရိကန်ဒေါ်လာ ၁၅၀၀၀၀၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် စနစ်လက်မှတ်နှင့် ကတ်ပြားထုတ်ပေးခြင်းမှ အမေရိကန်ဒေါ်လာ ၂၃၇၅၀၀၊ နှစ်စဉ်သက်တမ်း ပြန်လည်အတည်ပြုခြင်းမှ အမေရိကန်ဒေါ်လာ ၁၀၃၈၆၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၂၆၁၀၀ ကို နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်ခဲ့ပါကြောင်း။

**၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် ဆောင်ရွက်မှုမှရရှိသည့် နိုင်ငံခြားရငွေမှာ ကနဦးလျှောက်ထားခြင်းမှ အမေရိကန်ဒေါ်လာ ၁၅၀၀၀၀၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် စနစ် လက်မှတ်နှင့် ကတ်ပြားထုတ်ပေးခြင်းမှ အမေရိကန် ဒေါ်လာ ၂၃၇၅၀၀၊ နှစ်စဉ်သက်တမ်း ပြန်လည်အတည်ပြုခြင်း မှ အမေရိကန်ဒေါ်လာ ၁၀၃၈၆၀၀ စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၄၂၆၁၀၀ ကို နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်း မှ ရှာဖွေပေးနိုင်ခဲ့**


ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်


ပြည်ထောင်စုဝန်ကြီး
ဦးစိုးဝင်း


ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး


ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်


ပြည်ထောင်စုရှေ့နေချုပ်
ဦးထွန်းထွန်းဦး

အကောင်အထည်ဖော်ရေးဗဟိုကော်မတီက စိစစ်ခွင့်ပြုပြီးသူ စုစုပေါင်း ယနေ့အထိ ၆၁၇ ဦးရှိပါကြောင်း၊ ဗဟိုကော်မတီက စိစစ်ထားသည့်မိသားစုအပါအဝင် ဦးရေ ၇၀ ကို ကိုဗစ်-၁၉ ရောဂါကင်းစင်ချိန်တွင် လူတွေ့စစ်ဆေးခံယူရန် ခေါ်ယူပြီး စိစစ်ဆောင်ရွက်ပြီးစီးမှုကို လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြကာ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက လျှောက်ထားသူများအား နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လက်မှတ်နှင့် ကတ်ပြားများကို ဆက်လက်ထုတ်ပေးသွားရန် စီစဉ်ထားရှိပြီး ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းအကြံပြု**

ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်နှင့် ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စတင်ဆောင်ရွက်ခဲ့မှုနှင့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားမှု၊ ခွင့်ပြုလက်မှတ်နှင့် ကတ်ပြားထုတ်ပေးမှုအခြေအနေများ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် နည်းဥပဒေများအရ ကိုက်ညီမှုမရှိ၍ ငြင်းပယ်မှုနှင့် စိစစ်ဆဲအခြေအနေများနှင့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်တို့က နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့် လျှောက်ထားလာမှုများအပေါ် စိစစ်ဆောင်ရွက်မှုအခြေအနေများ၊ ပြည်ပကျွမ်းကျင်ပညာရှင်များ ပိုမိုလာရောက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် ရေရှည်အထောက်အကူဖြစ်နိုင်မည့် အခြေအနေများ၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများ၌ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများ ပိုမိုပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများနှင့် ပြင်ဆင်သည့်နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့မှုအခြေအနေ၊ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းမိသားစုများ ပိုမိုပေါင်းစည်းခွင့်ရပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်မည့် လုပ်ငန်းစဉ်အား အထောက်အကူပြုနိုင်မှု အခြေအနေများကို အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက သုံးသပ်ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ က အကြံပြုဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်နှင့်ပတ်သက်၍ ခေတ်စနစ်နှင့်လျော်ညီစွာ ဆောင်ရွက်နိုင်ရေး ဖြည့်စွက်အကြံပြုချက်များတင်ပြလာသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့်အတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် လျှောက်ထားမှုကို စိတ်ဝင်စားမှုများပြားလာပြီး လျှောက်ထားသူများလာသည့်အတွက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံသားများ မည်သည့်နိုင်ငံသို့ ရောက်ရှိနေသည်ဖြစ်စေ၊ မည်သည့်နိုင်ငံသို့သွားရောက်နေသည်ဖြစ်စေ မြန်မာနိုင်ငံသို့ ပြန်လာမည်ဆိုပါက အချိန်မရွေးကြိုဆိုလက်ခံလျက်ရှိပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားလိုလျှင်လည်းကောင်း၊ မြန်မာနိုင်ငံသားအဖြစ် အပြီးတိုင်ပြန်လာလိုလျှင်လည်းကောင်း ဥပဒေအရငြိစွန်းခြင်းမရှိပါက ပြန်လည်လက်ခံဆောင်ရွက်ပေးနေသည်ကို မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပါကြောင်း။

**ဆောင်ရွက်ပေးခဲ့**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့် ကာလများအတွင်း ကမ္ဘာတစ်ဝန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်ရှိနေကြသည့် နိုင်ငံသားများကို စနစ်တကျစိစစ် လက်ခံပေးနေခြင်း၊ ယခင်ကပြည်ပတွင် ရောက်ရှိနေကြသည့် အမည်မည်းစာရင်း ရေးသွင်းထားခြင်းခံရသူများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး အမည်မည်းစာရင်းမှ ပယ်ဖျက်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် မိမိနိုင်ငံသားဟုတ်မှန်လျှင် အယုတ်အလတ်အမြတ်မရွေး လက်ခံပါကြောင်း၊ မိမိနိုင်ငံသားဟုတ်/မဟုတ်ကိုသာ ဥပဒေအရစိစစ်လက်ခံနေခြင်းကို ကမ္ဘာသိအောင် မိမိတို့အစိုးရက အလုပ်ဖြင့် သက်သေပြလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ကွဲကွဲပြားပြားဖြစ်အောင် ထုတ်ဖော်ပြသနိုင်ခဲ့ပါကြောင်း။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်ထားလာမှုများနှင့်ပတ်သက်၍ ကော်မတီအဆင့်ဆင့်က အင်တိုက်အားတိုက် စီမံဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားရငွေဖော်ဆောင်ပေးခဲ့ခြင်း၊ မြန်မာနိုင်ငံသားများအတွက် အကျိုးရှိမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုရရှိလာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခြင်း အကျိုးကျေးဇူးများ ရရှိခဲ့သည့်အတွက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌနှင့် ဂျပန်အထက်လွှတ်တော်အမတ်ဟောင်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**
နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌနှင့် ဂျပန်အထက်လွှတ်တော်အမတ်ဟောင်း မစ္စတာ ဝါတာနာဘေး ဟိဒဲအိုအား ယနေ့မွန်းလွဲ ၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံဆွေးနွေးစဉ် နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဂျပန်-မြန်မာအသင်းတို့ နယ်စပ်ဒေသလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဂျပန်ဘာသာစကားပြောသင်တန်း ဖွင့်လှစ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ အလွန်တွင် ဆက်လက်ဆောင်ရွက်မည့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးသင်တန်းဆိုင်ရာကိစ္စ၊ The Nippon Foundation နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကိစ္စ၊ ဂျပန်နိုင်ငံ Sustainabridge(SB) နှင့် ပူးပေါင်းဖွင့်လှစ်သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ဘားအံ) ကိစ္စ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဂျပန်နိုင်ငံ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် စေတနာအဖွဲ့၊ Terra People Association (TPA)၊ JICA၊ Nishida Barley Processing Co.,Ltd တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအား ရင်းနှီးပွင့်လင်းစွာ အသေးစိတ်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အီချိရော မာရုယာမနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကာရ်လို့စ် အန်တိုနီယို ဒါ ရိုချာ ပါရာညှော်စ်အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ဘရာဇီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသုတေသနကဏ္ဍ၊ စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့ပြင် တောင်ဘက်ခြမ်းနိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ရေး (South-South Cooperation) မူဘောင်အောက်တွင်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင်လည်းကောင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာ-ဘရာဇီး နှစ်နိုင်ငံအကြား စတုတ္ထအကြိမ်မြောက် နိုင်ငံရေးရာဆွေးနွေးပွဲ ပြန်လည်ကျင်းပနိုင်ရေး အလားအလာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကိစ္စအပါအဝင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား ဖြေရှင်းရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**

## သတင်း ကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက် အမှတ် M-5 နှင့် M-6 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား JACK-UP Drilling Rig, COSL BOSS ဖြင့် တွင်းတည်နေရာများဖြစ်သော WP2 Platform တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၉ မိနစ် ၁၉.၅၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၁.၇၂၈ စက္ကန့်နှင့် WP4 Platform တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၉ မိနစ် ၃၇.၃၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၀၂.၇၉၂ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဖွန်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ် M-5 နှင့် M-6 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား JACK-UP Drilling Rig, COSL BOSS ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ တွင်းတူးဖော်မည့်တည်နေရာများမှ ရေမိုင် ၅ မိုင် ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**






# နေပြည်တော်တွင် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန စတင်တည်ဆောက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန အဆောက်အအုံပန္နက်တင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညဈေးအနီးရှိ သတ်မှတ်မြေနေရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆန်းဟွာ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)မှ ဌာနေကိုယ်စားလှယ် Ms. Lee Youn Soo နှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန အဆောက်အအုံပန္နက်တင်အခမ်းအနားကို ဆောင်ရွက်ကြသည်။




**များစွာအရေးပါလျက်ရှိ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် စိုက်ပျိုးသီးနှံထုတ်လုပ်ရေးကဏ္ဍသည် အဓိက အရေးပါလျက်ရှိပြီး နေ့စဉ်စားသုံးမှုအတွက် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးကောင်းမွန်ပြီး အာဟာရတန်ဖိုးမြင့်မားရေး၊ ပြည်တွင်းဖူလုံစွာ စားသုံးနိုင်ရေးနှင့် နိုင်ငံခြားဈေးကွက်သို့ အဆင့်အတန်းမီ တင်ပို့နိုင်ရေးတို့အတွက် များစွာအရေးပါလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်ကုန်များ လေလွင့်ဆုံးရှုံးမှု များပြားနေခြင်းကို လျှော့ချနိုင်ရေးအတွက် နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲရန် လိုအပ်လာသည့်နည်းတူ မြန်မာနိုင်ငံ စိုက်ပျိုးရေးဆိုင်ရာ ဈေးကွက်စနစ် တိုးတက်လာစေရေး၊ တောင်သူအိမ်ထောင်စုများ လူမှုစီးပွားဘဝတိုးတက်ရေးတို့အတွက် ယခုကဲ့သို့ စိုက်ပျိုးရေးဆိုင်ရာ ဈေးကွက်ဌာနနှင့် ထုတ်ကုန်ပြုပြင်ရေးဌာန တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းအတွက် ထုတ်လုပ်သူနှင့် စားသုံးသူ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး အစိုးရ၊ ပုဂ္ဂလိက၊ ထုတ်လုပ်သူတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်မည့် အခွင့်အလမ်းများနှင့် ဒေသနေ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို များစွာအထောက်အကူဖြစ်စေရန် မျှော်မှန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆန်းဟွာက ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ KOICA ဌာနေကိုယ်စားလှယ် Ms. Lee Youn Soo က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန တည်ထောင်ခြင်းစီမံကိန်းကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကိုရီးယားနိုင်ငံ၏အကူအညီ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၇ သန်းဖြင့် ၂၀၁၈ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါ စီမံကိန်းကို စိုက်ပျိုးထုတ်လုပ်သူနှင့် စားသုံးသူ နှစ်ဦးနှစ်ဖက် အကျိုးစီးပွား ပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာနကိုလည်းကောင်း၊ ရှမ်းပြည်နယ် ဟဲဟိုးမြို့နယ်တွင် စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်ပြုပြင်ရေးဌာနကိုလည်းကောင်း တည်ဆောက်သွားမည်ဖြစ်သည်။

ယင်းစီမံကိန်းပြီးစီးပါက ထုတ်လုပ်သူတောင်သူများအတွက် စိုက်ပျိုးထွက်ကုန်များ၏ ဈေးကွက်သတင်းအချက်အလက်များကို ရရှိစေခြင်းဖြင့် ဈေးကွက်တည်ငြိမ်မှု အခြေအနေများကို ဖန်တီးပေးနိုင်မည်ဖြစ်ကာ အဆင့်မြင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ၊ ထုတ်ကုန်စံချိန်စံညွှန်းများ၊ အစားအစာဘေးကင်းလုံခြုံမှု စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခြင်းဖြင့် စားသုံးသူများအနေဖြင့်လည်း အရည်အသွေးကောင်း၍ ဘေးကင်းလုံခြုံသော စိုက်ပျိုးရေးထွက်ကုန်များကို လက်လှမ်းမီရရှိနိုင်မည်ဖြစ်သည်။

အဓိကစိုက်ပျိုးရေးထုတ်လုပ်သည့် နေရာများတွင် ထုတ်ကုန်များ တန်ဖိုးမြှင့်တင်ခြင်းဖြင့် ကနဦးစိုက်ပျိုးထုတ်လုပ်သူအဆင့်မှာပင် စိုက်ပျိုးရေးထွက်ကုန် ဈေးကွက်ကို တိုးတက်လာစေရန်ရည်ရွယ်၍ ယခုတည်ဆောက်မည့် နေပြည်တော် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာနနှင့် ဟဲဟိုးမြို့တွင် ဆောင်ရွက်မည့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်ပြုပြင်ရေးဌာန (Agricultural Product Processing Center–APPC)များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါဌာနများက စိုက်ပျိုးရေးထုတ်ကုန်များ အုပ်စုခွဲခြင်း၊ ထုပ်ပိုးခြင်း၊ အဆင့်အတန်းခွဲခြားခြင်း၊ စံသတ်မှတ်ခြင်း၊ ကုန်အမှတ်တံဆိပ် သတ်မှတ်ခြင်း၊ အအေးခန်းသိုလှောင်ခြင်းနှင့် ထုတ်ကုန်ပြုပြင်သည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် တောင်သူအဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေခြင်းဖြင့် တောင်သူလယ်သမားများကိုယ်တိုင် သီးနှံဈေးနှုန်း ညှိနှိုင်းနိုင်ကြမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများ စနစ်တကျဖြင့် အရှိန်အဟုန်ကောင်းစွာ အောင်မြင်လာစေရန် စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် စည်ပင်သာယာဈေးများဌာနတို့ ပူးပေါင်း၍ နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းထံမှ သိရသည်။

**ပိုမိုအားဖြည့်ပေးနိုင်**

ဈေးကွက်ဌာနများမှတစ်ဆင့် ဈေးကွက်သတင်းအချက်အလက်ပံ့ပိုးခြင်း၊ ထုတ်လုပ်သူတောင်သူအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ ပိုမိုအားကောင်းလာစေခြင်း၊ ထုတ်ကုန်များ စံချိန်စံညွှန်းနှင့် ပြည့်မီလာစေခြင်း၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ခြင်းတို့အပြင် အအေးခန်းသိုလှောင်နိုင်ခြင်းကဲ့သို့ အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများ ပိုမိုအားဖြည့်ပေးနိုင်ခြင်းတို့ကြောင့် ပိုမိုယုံကြည်စိတ်ချရသော စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်သည့်စနစ်များ ဖွံ့ဖြိုးလာစေပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)၏ မျှော်မှန်းရလဒ်များ ရရှိနိုင်ရန်အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန ရုံးစာရေးနည်းသင်တန်း အမှတ်စဉ်(၆) ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနက ဖွင့်လှစ်သော ရုံးစာရေးနည်း သင်တန်းအမှတ်စဉ်(၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခုသင်တန်းသို့ တက်ရောက်လာကြသည့် ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံးမှ အရာထမ်း ၆၉ ဦးကို ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် အွန်လိုင်းသင်တန်း ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ ရုံးလုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်းဖြင့် ဆောင်ရွက်၍မရဘဲ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် အများနှင့် ပူးပေါင်းဆောင်ရွက်ကြရပြီး ဦးစီးဌာနများ၊ ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၊ ဝန်ကြီးဌာနများ စသည်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရပါကြောင်း၊ မိသားစုစိတ်ဓာတ်၊ အသင်းအဖွဲ့စိတ်ဓာတ်အပြည့်နှင့် ပူးပေါင်းဆောင်ရွက်လျှင် ရုံးလုပ်ငန်းများ အောင်မြင်ပါကြောင်း၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအားလုံးတို့ကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်သည့် စွမ်းရည်များနှင့် ပူးပေါင်းတာဝန်ယူ တာဝန်ခံ၍ ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ စဉ်ဆက်မပြတ်ကောင်းမွန်နေစေရေးတို့အတွက် လုပ်ငန်းခွင်ကြိုသင်တန်းများ၊ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတို့ကို တာဝန်ရှိသူတို့ကလည်း ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း၊ ယနေ့ ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် တစ်သက်တာ ကျယ်ကျယ်ပြန့်ပြန့် နက်နက်နဲနဲ သင်ယူနိုင်ရေးအတွက်လည်း ရုံးသုံးမြန်မာစာ အရေး၊ အဖတ်အတွက်သာမက အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု၊ IT နည်းပညာများ၊ ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိများ၊ ဘဏ္ဍာရေးနှင့်ပတ်သက်သည့် အခြေခံကျွမ်းကျင်မှုများ တတ်မြောက်ထားရန် အရေးကြီးပါကြောင်း။

ထို့ကြောင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနေရသည့် ကာလအတွင်း၌လည်း ရပ်နားထားရသည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဖြစ်သည့် အင်္ဂလိပ်ဘာသာစကားသင်တန်း၊ ရုံးသုံးကွန်ပျူတာသင်တန်း စသည်တို့ကို အွန်လိုင်းစနစ်ဖြင့် ပြန်လည်ဖွင့်လှစ်သွားရန် စီစဉ်နေပါကြောင်း၊ ဝန်ထမ်းများအားလုံးအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို ရိုးရိုးသားသား၊ တည်တည်ငြိမ်ငြိမ်၊ ကြိုးကြိုးစားစားဖြင့် တစ်သက်တာ နက်နက်နဲနဲ သင်ယူတတ်မြောက်၍ ပူးပေါင်းတာဝန်ယူလျက် တာဝန်ကျေပွန်စွာ ကျွမ်းကျွမ်းကျင်ကျင် ဆန်းသစ်တီထွင်ဆောင်ရွက်ပါက ရုံးလုပ်ငန်းများကို အရည်အသွေးကောင်းကောင်းဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်/ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် သင်တန်းသား သင်တန်းသူများဖြစ်သည့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။



ဝန်ထမ်းများ၏ ရုံးလုပ်ငန်းစွမ်းရည်မြှင့်တင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက သင်တန်းများ ဖွင့်လှစ်ပေးခဲ့ရာ ရုံးစာရေးနည်းသင်တန်း (၅)ကြိမ်တွင် ဝန်ထမ်း ၂၁၀ ၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း (၅)ကြိမ်တွင် ၇၉၈ ဦးနှင့် ရုံးလုပ်ငန်းအသုံးပြုကွန်ပျူတာအခြေခံ ကျွမ်းကျင်သင်တန်း (၆)ကြိမ်တွင် ၂၇၅ ဦး တက်ရောက်ခဲ့ပြီး ယနေ့ဖွင့်လှစ်သော ရုံးစာရေးနည်းသင်တန်းအမှတ်စဉ် (၆)သို့ သင်တန်းသား ၆၉ ဦး တက်ရောက်ကြကာ ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ အွန်လိုင်းစနစ်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် မဲခေါင်ဒေသရှိ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဖွင့်လှစ်မည့်သင်တန်းများအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံနှင့် မဲခေါင်ဒေသရှိ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စီမံကိန်းအရ ဖွင့်လှစ်မည့်သင်တန်းများအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် တာဝန်ရှိသူများ၊ သမဝါယမတက္ကသိုလ်(သန်လျင်နှင့်စစ်ကိုင်း)တို့မှ ပါမောက္ခချုပ်များ၊ သမဝါယမကောလိပ် (မန္တလေးနှင့်ဖောင်ကြီး)တို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနများမှ ဌာနမှူးများ တက်ရောက်ခဲ့သည်။

**အကြံပြုဆွေးနွေး**

ညွှန်ကြားရေးမှူးချုပ်က ယခုသင်တန်းတွင် စာရင်းစစ်သင်တန်း၊ စာရင်းရေးစာရင်းကိုင်သင်တန်း၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်ဆိုင်ရာသင်တန်း၊ ဘဏ္ဍာရေးဆိုင်ရာ အသိပညာပေးသင်တန်း၊ သမဝါယမလုပ်ငန်းများ စီမံခန့်ခွဲမှုနှင့် ဈေးကွက်ဖော်ဆောင်ရေးသင်တန်း၊ အစားအသောက်ဘေးကင်းလုံခြုံမှု အသိပညာပေးသင်တန်းနှင့် M & E Workshop၊ သမဝါယမကဏ္ဍကောင်းမွန်သောစီမံအုပ်ချုပ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ၊ မြန်မာနိုင်ငံ သမဝါယမလှုပ်ရှားမှုဆွေးနွေးပွဲ၊ မဲခေါင်ဒေသရှိသမဝါယမအသင်းများ၏အခန်းကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲများကို ဖေဖော်ဝါရီလမှစတင်၍ စက်တင်ဘာလအထိ မဲခေါင်-လန်ချန်း ရန်ပုံငွေဖြင့် ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများမှ ဌာနမှူးများကလည်း သင်တန်း/ဆွေးနွေးပွဲများအတွက် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငယ်ပေါင်းကြီးဖော် မြန်မာ့အသံ

မောင်ခင်မင်(ဓနုဖြူ)

၁

ငယ်စဉ်ကတည်းက သိကျွမ်းခဲ့ပြီး အသက်ကြီးလာသည်အထိ ပေါင်းသင်းဆက်ဆံရသူကို “ငယ်ပေါင်းကြီးဖော်” ဟု ခေါ်ပါသည်။ “မြန်မာ့အသံ” သည် ကျွန်တော်၏ “ငယ်ပေါင်းကြီးဖော်” တစ်ဦးဖြစ်ပါသည်။

၂

“သောတရှင်များ ကျန်းမာတော်မူကြပါစေရှင်။ ရန်ကုန်မြို့၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အသံလွှင့်ဌာနမှ ၃၁. ၄၄ မီတာ၊ ၄၉. ၇၁ မီတာနှင့် လှိုင်းလတ် ၃၁၄ မီတာမှ ယနေ့နံနက် မြန်မာပိုင်းအစီအစဉ်များကို စတင် အသံလွှင့်နေပါတယ်”

ကျွန်တော် ရန်ကုန်ရောက်သည့် ၁၉၅၀ ပြည့်နှစ်တွင် မနက်အိပ်ရာနိုးစမှာ ရေဒီယိုမှ လွှင့်ပျံ့လာသော ဤနှုတ်ခွန်းဆက်သံကို မနက်တိုင်းကြားရမြဲဖြစ်ပါသည်။ မနက်တိုင်းကြားရသည့် စကားလုံးများကို အတိအကျမှတ်မိနေသည်။ အသံရှင်၏ ကြည်လင်အေးမြသော အသံကို နားထဲမှာစွဲပြီး သဘောကျနှစ်သက်နေသည်။ နောက်တော့ အသုံးအနှုန်းပြောင်းသွားသည်။ “ရန်ကုန်မြို့ မြန်မာနိုင်ငံတော် အသံလွှင့်ဌာနမှ”ဟု မပြောတော့ဘဲ “မြန်မာ့အသံမှ” ဟု ပြောင်းပြောသည်ကို ကြားရပါသည်။ “ မြန်မာ့အသံ” ဟူသော အသုံးအနှုန်းသည် ထိုအချိန်ကစ၍ သန္ဓေတည်မွေးဖွားခဲ့သည်ဟု ထင်ပါသည်။

ထိုကာလက ထွက်သော “ရေဒီယိုချိုတေးသံ” တေးဗိမာန် စသည့်ဂီတစာစောင်များကို ဖတ်ရသောအခါ မြန်မာ့အသံမှ အစီအစဉ်ကြေညာသော အသံရှင်မှာ ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေရှင်ဖြစ်ကြောင်း သိရသည့်အတွက် ပို၍စိတ်ဝင်စားသွားပါသည်။ သောတရှင်တစ်ယောက်အနေဖြင့် မြန်မာ့အသံနှင့် စတင်သိကျွမ်းရခြင်းပါ။

ထိုအချိန်က ကျွန်တော့်အသက်မှာ ဆယ်နှစ်အရွယ်မျှသာရှိပါသေးသည်။ ကျွန်တော်က သီချင်းနားထောင်ရတာ ဝါသနာပါသည်။ သီချင်းကြိုက်သည် ကျွန်တော်တို့အိမ်မှာတော့ ရေဒီယိုမရှိသေးပါ။ သို့သော် ကိစ္စမရှိပါ။ အိမ်ရှေ့၊ ဘေးကအိမ်များတွင် ရေဒီယိုရှိသည့်အတွက် မနက်မိုးလင်းသည်နှင့် ရေဒီယိုသံများကို ကြားနေရပါသည်။ ကျွန်တော်တို့လမ်းထဲက ဆံပင်ညှပ်ဆိုင်ပိုင်ရှင်ကိုတင်ရှိန်မှာ ကျွန်တော်နှင့်ခင်မင်သည့်အတွက် သူ့ဆိုင်တွင် အေးအေးဆေးဆေး ရေဒီယိုနားထောင်နိုင်သည်။ အားချိန်တွင် ဆံပင်ညှပ်ဆိုင်သို့သွားပြီး သတင်းစာတို့၊ ကာတွန်းစာအုပ်တို့ဖတ်ရင်း ရေဒီယိုနားထောင်ရသည်။ ညစာ စားပြီးသည်နှင့် ဆံပင်ညှပ်ဆိုင်သို့ပြေးပြီး ကုလားထိုင်တစ်လုံးကို အပိုင်စားယူကာ ရေဒီယိုအစီအစဉ်အားလုံးကို အေးအေးဆေးဆေး နားထောင်သည်။ အထူးသဖြင့်တော့ သီချင်းတွေကို ပိုပြီးအာရုံစိုက်မိသည်။ “မြန်မာစံတော်ချိန် ည ၉ နာရီရှိပါပြီ။ မြန်မာပိုင်းအစီအစဉ်များကို ရပ်နားပြီး အင်္ဂလိပ်ပိုင်းအစီအစဉ်များကို ဆက်လက်အသံလွှင့်ပါတော့မယ်၊ သောတရှင်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော်မူကြပါစေရှင်” ဟူသော ကြေညာသံကို ကြားတော့မှ ထပြန်မဲ့ဖြစ်ပါသည်။

ညစာ စားပြီးသည်နှင့် ဆံပင်ညှပ်ဆိုင်သို့ပြေးပြီး ကုလားထိုင်တစ်လုံးကို အပိုင်စားယူကာ ရေဒီယိုအစီအစဉ်အားလုံးကို အေးအေးဆေးဆေး နားထောင်သည်။ အထူးသဖြင့်တော့ သီချင်းတွေကို ပိုပြီးအာရုံစိုက်မိသည်။ “မြန်မာစံတော်ချိန် ည ၉ နာရီ ရှိပါပြီ။ မြန်မာပိုင်းအစီအစဉ်များကို ရပ်နားပြီး အင်္ဂလိပ်ပိုင်းအစီအစဉ်များကို ဆက်လက်အသံလွှင့်ပါတော့မယ်၊ သောတရှင်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော်မူကြပါစေရှင်” ဟူသော ကြေညာသံကို ကြားတော့မှ ထပြန်မဲ့ဖြစ်ပါသည်



မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း) ရုံးချုပ်ကို တွေ့ရစဉ်။

၃

ထိုစဉ်က တူရိယာအဖွဲ့များ မြန်မာ့အသံမှ အသံလွှင့်ဖျော်ဖြေသည့်အစီအစဉ် နေ့တိုင်းလိုလို ပုံမှန်ရှိသည့်အတွက် သီချင်းသစ်များကို အမြဲနားထောင်ရသည်မှာ ပျော်စရာကောင်းပါသည်။ ည ၈ နာရီသတင်းမကြေညာမီ အပျော်တမ်းတူရိယာအဖွဲ့များက ထုတ်လွှင့်ရသည်။ သတင်းကြေညာပြီးချိန်တွင် ထုတ်လွှင့်သော တူရိယာအဖွဲ့များကတော့ နာမည်ထင်ရှားပြီးသား “အဖွဲ့ကြီး” များဖြစ်သည်။ သီချင်းသစ်များ နားထောင်ရင်း တူရိယာအဖွဲ့နာမည်များ၊ ဂီတစာဆိုအမည်များ၊ တေးသံရှင်နာမည်များအားလုံး မှတ်မိသွားသည်။ စိတ်ထဲတွင် ရင်းနှီးမှုများသည့် သီချင်းများကိုလည်း လိုက်ဆိုရင်း အလွတ်ရသွားသည်။ ယခု ပြန်စဉ်းစားကြည့်တော့ နာမည်တော်တော်များများ သတိရလာသည်။ ချိုတေးရှင် တူရိယာအဖွဲ့ဆိုလျှင် ကိုခင်လတ်၊ ကိုခင်လေး၊ ကိုခင်ထွေး၊ ကိုခင်မောင်မောင်၊ စန္ဒရားကိုချစ်ဆွေ၊ မတင်တင်၊ သဇင်ကြူတို့ ပါသည်။ ကိုချစ်ဆွေ၏ “အပြုံးနိဒါန်းဆင့်”၊ မတင်တင်၏ “ဆွမ်းအုပ်နီနီ” တို့ကို မမေ့သေးပါ။ ချိုတေးဆက်အဖွဲ့တွင်မူ ကိုအောင်ကိုး ရေးဖွဲ့သောသီချင်းများကို ကိုမင်းနောင်နှင့် ရီလေးတို့က သီဆိုသည်။ သီရိထံတျာအဖွဲ့မှာ စန္ဒရားကိုလှထွတ်က ဂီတစာဆိုပါ။ သီချင်းများကို ကိုစိန်ဝင်း၊ ကိုတင်ထွတ်၊ ပျဉ်းမနားကိုမြင့်၊ ကြည်ကြည်ဝင်းတို့က သီဆိုသည်။

ခေတ်ဆန်းအရှေ့ပိုင်း တူရိယာအဖွဲ့က တင်တင်မြ၏ “ပေဖူးလွှာ” တို့၊ “အိုဘယ့်တံချူရှင်” တို့ခေတ်စားနေသည်။ ဂီတနက်သန်အဖွဲ့က ကိုစောညိန်း၏ “ သစ္စာ၊ ပွင့်ဦး၊ စံပယ်၊ မိုးသက်လေနှင်၊ မြနဒီ” စသည့် လွမ်းမောဖွယ်သီချင်းများကို မောင်မောင်ညွှန့်၏ အသံဖြင့်ကြားရမြဲ။ ဂီတနက်သန်ကိုအုန်းလွင်ရေးသော “ချစ်နှင်းမှုန်မှုန်” လည်း ကောင်းသည်။ နောက်အဖွဲ့နာမည်ကတော့ မေ့နေ၏။ ဆရာ ရွှေပြည်အေး ရေးဖွဲ့သော “မုန့်ဆီကြော်၊ ရွှေအိုးစည်၊ အောင်ထူ ဟဲ့ကြောင်၊ ဆွမ်းတော်ဖျို့ ” စသည့်သီချင်းများကို အဆိုတော် မြကေသီက ကလေးသံ မပျောက်တပျောက်ကလေးနှင့် သီဆိုသည်ကို ကြားရသည်မှာ ပျော်စရာကောင်းပါသည်။

ထိုသီချင်းများကို မြန်မာ့အသံ၏ အစီအစဉ်အမျိုးမျိုးတွင် အကြိမ်ကြိမ်ပြန်နားထောင်ရသော်လည်း နားထောင်၍မဝပါ။ “သောတရှင်လိုရာ” တို့၊ “မင်္ဂလာလက်ဆောင်”တို့၊ “မွေးနေ့လက်ဆောင်” တို့လာလျှင် သီချင်းတောင်းသူနာမည်တွေကြေညာပေးသည်ကို အရှည်ကြီး သည်းခံနားထောင်ပြီးမှ သီချင်းကိုကြားရသည်မှာ အရသာတစ်မျိုးဖြစ်သည်။ “သူ့အလှည့်” ခေတ်ပြားခန်းတွင် တေးသံရှင်တစ်ယောက်၏ သီချင်းများကို တဝကြီးနားထောင်ရသည်။ စုံတွဲသီချင်းများ၊ သံပြိုင်သီချင်းများကိုလည်း သီးသန့်ကြားရသည်။ “ခေတ်ဟောင်းသီချင်းတို့၊ အနှစ်နှစ်ဆယ် သီချင်းတို့လည်း ရှိသေးသည်။ “သူ့လက်ရာ” အခန်းက တေးရေးသူကို မြန်မာ့အသံက အင်တာဗျူးလုပ်ပြီး သီချင်း၏နောက်ခံအကြောင်းများကို အမေး၊ အဖြေ လုပ်သည်။ “အတိတ်၏အရိပ်”တို့၊ “တေး၏ကြေးမုံ” တို့ကလည်း ထိုအစီအစဉ်မျိုးဖြစ်သည်။ ဘယ်သီချင်းကို ဘယ်လိုရေးသည်။ ဘာကြောင့်ရေးသည်ဆိုသည်ကို ပြောပြီးမှ သီချင်းဖွင့်ပြသဖြင့် ပို၍စိတ်ဝင်စားဖို့ ကောင်းသွားသည်။ ရုပ်ရှင်ဇာတ်ဝင်တေးများကို နားထောင်ရတော့ ကြည့်ခဲ့သော ရုပ်ရှင်ကို ပြန်သတိရသည်။ သီချင်းကြီးအဖွဲ့များ လွှင့်တော့လည်း နားမထောင်ဘဲ မနေပါ။ မြန်မာဂီတ၏ ခမ်းနားထည်ဝါမှုကို ခံစားလိုက်ရသည်။ ဦးဘညွန့် သီဆိုသော “ဟောဝန်စုံမြိုင်၊ ကိန္နရာချောင်းခြား ပတ်ပျိုးကြီး”တို့၊ ဒေါ်ခင်မြင့်သီဆိုသော “တေဘုမ္မာ ဓမ္မဂီတမော်ပြန် ယိုးဒယား” တို့ကို နားထောင်ပြီး ထူးခြားသော အရသာများကို ခံစားရသည်။

၄

ရေဒီယိုသီချင်းများကို စွဲစွဲမက်မက်နားထောင်ခဲ့သည့် အကျိုးကတော့ သီချင်းအကြောင်း စာအုပ် နှစ်အုပ် ရေးဖြစ်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၌ နှစ်နှစ် တာဝန်ထမ်းဆောင်ရစဉ် နှစ်ပေါင်းများစွာ စွဲစွဲမြဲမြဲနားထောင်ခဲ့သော သီချင်းများကို ပြန်သတိရရင်း အမိနိုင်ငံကို လွမ်းဆွတ်လာသည်။ ပါးစပ်က ပြန်ဆိုကြည့်ရင်း သီချင်းများအကြောင်းရေးလျှင် ကောင်းမည်ဟု အတွေးပေါ်လာသည့်အတွက် တစ်အုပ်လောက်စကာ ကိုမြကြီး၏ “ဂီတဗိမာန်”သီချင်းကို စပြီးကြားခဲ့ရပုံအစချီကာ “ဂီတဗိမာန်မှသည်” ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေး၍ “ရုပ်ရှင်တေးကဗျာ” မဂ္ဂဇင်းသို့ ပို့လိုက်သည်။ မဂ္ဂဇင်းမှာ ဆောင်းပါးပါလာသည့်အတွက် သီချင်းများအကြောင်း ဆက်ရေးဖြစ်သည်။ တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံပြန်ရောက်လာကာ ရုပ်ရှင်တေးကဗျာ အယ်ဒီတာများက ဆက်ရေးဖို့ တိုက်တွန်းသဖြင့် ဆက်ရေးခဲ့သည်။ အပုဒ်(၇၀)ကျော် ရေးဖြစ်သွားသည်။ ထိုဆောင်းပါးများကို “သီချင်းနားထောင်သူ တစ်ယောက်၏ ရင်ထဲက သီချင်းများအကြောင်း” ခေါင်းစဉ်ဖြင့် ၂၀၁၄ ခုနှစ်တွင် ပုဂံစာအုပ်တိုက်က တစ်အုပ်၊ “ရေဒီယိုနားကတစ်ဖဝါးမခွာသူတစ်ယောက်၏ ရင်ထဲက သီချင်းများအကြောင်း” ခေါင်းစဉ်ဖြင့် ၂၀၁၆ ခုနှစ်တွင် ဆန်းသော်တာစာအုပ်ထုတ်ဝေရေးက တစ်အုပ်ထုတ်ခဲ့ပါသည်။ ထိုစာအုပ် နှစ်အုပ်ကို အကြောင်းပြု၍ အဆိုတော် ဦးမောင်မောင်ကြီး၊ ဦးခင်မောင်လွင် စသည့် ပုဂ္ဂိုလ်များနှင့် သိကျွမ်းခဲ့ရသည်။ သူတို့၏ သီချင်းများအပါအဝင် သီချင်းများအကြောင်းကို သောတရှင်တစ်ယောက်၏ အတွေ့အကြုံအဖြစ် ကျွန်တော် အမြတ်တနိုးရေးခဲ့သည့်အတွက် သူတို့က ဝမ်းသာကြသည်။ ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း ပြောကြသည်။ ကျွန်တော်ရေးရကျိုးနပ်သည်ဟု တွေးမိပါသည်။

၅

မြန်မာ့အသံတွင် အမှုထမ်းသွားသော ပုဂ္ဂိုလ် ၃ ယောက်ကို ကျွန်တော်ငယ်စဉ်ကပင် သိကျွမ်းခင်မင်ခဲ့ရသည့်အကြောင်းကိုလည်း သတိရနေမိပါသည်။

တစ်ယောက်က ကျွန်တော့်ဆရာ ဦးငြိမ်းမောင်ဖြစ်သည်။ ကျွန်တော် အလယ်တန်းကျောင်းသားဘဝတွင် ဆရာနှင့် စတင်ဆုံစည်းရသည်။ ဆရာက အင်္ဂလိပ်စာသင်သည်။ ထိုမျှမက ကျောင်းသားများကို ဘက်စုံလေ့ကျင့်သင်ကြားပေးသည်။ နေ့လယ် ကစားချိန်တွင် ယောကျ်ားလေးများကို ခါးတောင်းကျိုက်ခိုင်းပြီး ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ပေးသည်က အစ၊ ဘောလုံးအသင်းအဖွဲ့များ ဖွဲ့ပေးပြီး ပြိုင်ခိုင်းသည်အထိ လေ့ကျင့်ပေးသည်။ စကားရည်လုပွဲ အသင်းများဖွဲ့ပေးပြီး ယှဉ်ပြိုင်ခိုင်းသည်။ ပြောပုံ ဆိုပုံများကို သင်ကြားပေးသည်။ ကျောင်းမှာ ကပွဲလုပ်လျှင် ဆရာကဇာတ်ဆရာလုပ်ပြီး အစီအစဉ်အမျိုးမျိုး တင်ဆက်သည်။ သီချင်းရေးစပ်ပြီး ကျောင်းသူများကို အကတိုက်ပေးသည်။ **စာမျက်နှာ ၇ သို့** ✻

✻ စာမျက်နှာ ၆ မှ
ကိုယ်တိုင် ဂီတာတီးပြီး သီချင်းဆိုပေးသည်။ ကျောင်းသားများကို ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများရေးခိုင်းပြီး ဆရာက ရွေးချယ်တည်းဖြတ် စာကူးစက်ဖြင့် စာစောင်ထုတ်ပေးသည်။ ဆရာက မြန်မာ့အသံနှင့် အဆက်အသွယ်ရှိသည်။ အသံလွှင့်ဇာတ်လမ်းများမှာ ပါဝင်သရုပ်ဆောင်ခဲ့ပုံကို ပြောပြတတ်သည်။ မကြာမီ ဆရာ မြန်မာ့အသံသို့ ပြောင်းရွှေ့ အမှုထမ်းသည်။ ဂီတစာဆို "သု" ဟူသော နာမည်ဖြင့် သီချင်းများရေးသည်။ တက္ကသိုလ်သိန်းစိုး သီဆိုခဲ့သော "ကျွန်တော် ချမ်းသာ" "ပြုံးပဒေသာ" စသည့် သီချင်းများ ဖြစ်သည်။ သက်ပြည့်အငြိမ်းစားယူပြီးနောက် သူကွယ်လွန်သွားရာပါပြီ။

နောက်တစ်ယောက်က ကိုဝင်းကြည်ဖြစ်သည်။ ကျွန်တော့်ထက် အသက်တော်တော်ကြီးသည်။ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် ချောမောသူဖြစ်သည်။ ငယ်စဉ်ကတည်းက ပါးစပ်နှင့်သီချင်းမပြတ်အောင် သီဆိုနေတတ်သည်။ "မြန်မာ့အသံ ကိုသစ္စာ"အဖြစ် ထင်ရှားလာသည်။ သူ့သီချင်းများတွင် အောင်မြင်ထင်ရှားသည့် "မေတ္တာသန့်စင်" တို့၊ "အပြစ်မဲ့သူပါမေ" တို့၊ "ပြန်လည်ပြောပြချင်တယ်" တို့ ရေဒီယိုလေလှိုင်းထဲတွင် မကြာခဏ လွှင့်ပျံ့လာသည်။ ဇာတ်လမ်းပမာတို့၊ အသံလွှင့်ဇာတ်လမ်းတို့မှာလည်း ပါဝင်သရုပ်ဆောင်သည်။ ရုပ်မြင်သံကြား ခေတ်အထိ အမှုထမ်းသွားသည်။ ယခု ကွယ်လွန်ရှာပါပြီ။

နောက်တစ်ယောက်က အစ်ကိုကျော်မင်းဖြစ်သည်။ ကျွန်တော့်သူငယ်ချင်း၏ အစ်ကိုတော်ပြီး "ကဗျာဆရာဝင်းနိုင်" ဟု ထင်ရှားသည်။ ကျွန်တော်တို့ ငယ်စဉ်က စာပေအဖွဲ့များဖွဲ့ကြရာ အစ်ကိုကျော်မင်းလာပြီး စာပေရေးရာများနှင့်ပတ်သက်၍ လမ်းညွှန်ပေးကာ စာပေအတွေ့အကြုံများကို ပြောပြသည်။ ဆောက်လုပ်ရေးရုံး၌ အမှုထမ်းနေရာမှ မြန်မာ့အသံသို့ပြောင်းရွှေ့ပြီး "မြန်မာ့အသံကျော်မင်း" အဖြစ် ဝင်လာသည်။ ဇာတ်လမ်းများ၊ သီချင်းများရေးသည်။ မြန်မာ့အသံညွှန်ကြားရေးမှူးချုပ်အဆင့်အထိ ဆောင်ရွက်ပြီး အငြိမ်းစားယူသည်။ မိသားစုနှင့်အတူ ပြည်ပသို့သွားကြောင်း သတင်းကြားရသည်။ လွန်ခဲ့သော လေး၊ ငါးနှစ်က ကျွန်တော့်ဆီရောက်လာပြီး သူ့စာမူများကို စာအုပ်ထုတ်ရန်ကိစ္စ တိုင်ပင်သေးသည်။ နောက်မကြာမီ ကွယ်လွန်သွားရာသည်။




**မြန်မာစာအကြောင်းကို "သိမှတ်ဖွယ်ရာ မြန်မာစကား မြန်မာစာ" ခေါင်းစဉ်ဖြင့် မြန်မာ့အသံမှ အပတ်စဉ် အသံလွှင့်ဟောပြောခြင်းဖြစ်ပြီး ဟောပြောချိန် ၁၂ မိနစ်ခန့်အတွင်း ပေါ့ပေါ့ပါးပါး ဟောပြောရခြင်းဖြစ်သည်။ ဟောပြောချက်ကို "သောတရှင်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ" ဟု အစချီပြီး "သောတရှင်များ မြန်မာစာပေထဲက ကောင်းကွက်များကို နှစ်သက်မွေ့လျော်နိုင်ကြပါစေ" ဟု အဆုံးသတ်သည်။**

၆

၁၉၈၀ နောက်ပိုင်းတွင်မှ မြန်မာ့အသံသို့ လူကိုယ်တိုင်ရောက်စရာ အကြောင်းများပေါ်လာသည်။ ပထမဆုံး အတွေ့အကြုံမှာ ပါမောက္ခဆရာက တာဝန်ပေးသည့်အတွက် သတ္တမတန်း မြန်မာစာအသံလွှင့် သင်ခန်းစာတစ်ခုကို အသံသွင်းရန် ရောက်ခဲ့ခြင်းဖြစ်သည်။ အမေး အဖြေပုံစံ ဆွေးနွေးခန်းပြုစုပြီး ပညာရေးသုတေသနအဖွဲ့မှ လူငယ်ကလေးများနှင့် ဆွေးနွေးပြောဆိုသည်ကို အသံသွင်းရခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ဟောပြောပို့ချသည့် အစီအစဉ်များတွင်လည်း ပါဝင်ရသည့်အတွက် အသံသွင်းဖို့ မကြာခဏသွားရသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပေါင်းပြီး MRTV ဖြစ်လာပြီးသည့်နောက်တွင်လည်း တက္ကသိုလ်ဝင်တန်း မြန်မာစာ စာစစ်မှူးချုပ်အဖြစ် ပင်ရင်းမြန်မာစာ၊ စိတ်ကြိုက်မြန်မာစာ သင်ခန်းစာများ ဟောပြောပို့ချရသည်။ ဟောပြောပွဲဖိတ်သည့်အတွက် မြန်မာစာအရေးအသား မြန်မာစကား အပြောအဆိုတို့နှင့်ပတ်သက်၍ ဟောပြောပေးရသည်။ 'ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ' ခေတ်တွင် အခြားပါမောက္ခများနှင့်အတူ အကဲဖြတ်ဒိုင်လူကြီးအဖြစ် စတူဒီယိုခန်းမထဲသို့ မကြာခဏရောက်ရသည်။ အဆိုအက အရေးအတီး ပြိုင်ပွဲဇာတ်တော်ကြီး အကဲဖြတ်အဖြစ် ပါဝင်ဆွေးနွေးရသည့်ပွဲများလည်းရှိသည်။ ဒေါက်တာခင်မောင်ညို၏ Reader's Channel ဆွေးနွေးခန်းတွင် ဆွေးနွေးဖို့လည်း မြန်မာ့အသံအဆောက်အအုံသို့ အကြိမ်ကြိမ်ရောက်ခဲ့ဖူးပါပြီ။

'ရုပ်မြင်သံကြား' ကိစ္စမပါဘဲ၊ "မြန်မာ့အသံ" ကိစ္စသက်သက်ကို ဆောင်ရွက်ရခြင်းလည်း ရှိပါသည်။ ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးကိုကိုထွေး၏ တိုက်တွန်းချက်အရ မြန်မာစကား မြန်မာစာအကြောင်းကို "သိမှတ်ဖွယ်ရာ မြန်မာစကား မြန်မာစာ" ခေါင်းစဉ်ဖြင့် မြန်မာ့အသံမှ အပတ်စဉ် အသံလွှင့်ဟောပြောခြင်းဖြစ်ပြီး ဟောပြောချိန် ၁၂ မိနစ်ခန့်အတွင်း ပေါ့ပေါ့ပါးပါး ဟောပြောရခြင်းဖြစ်သည်။ ဟောပြောချက်ကို "သောတရှင်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ" ဟု အစချီပြီး "သောတရှင်များ မြန်မာစာပေထဲက ကောင်းကွက်များကို နှစ်သက်မွေ့လျော်နိုင်ကြပါစေ" ဟု အဆုံးသတ်သည်။ ဟောပြောချက်များကို ပုံမှန်အသံလွှင့်ခဲ့သည်မှာ မြန်မာ့အသံ နေပြည်တော်သို့ ပြောင်းရွှေ့သွားချိန်အထိ ဖြစ်သည်။ ဟောပြောချက်ပေါင်း ၄၀ ကျော် အသံလွှင့်ဖြစ်ခဲ့ပါသည်။ ထိုဟောပြောချက်များကို စုပေါင်းပြီး လေလှိုင်းထဲက မြန်မာစကား၊ မြန်မာစာအမည်ဖြင့် ၂၀၀၆ ခုနှစ်တွင် ဝတ်ရည်နှင်း စာအုပ်တိုက်က စာအုပ်ထုတ်ဝေခဲ့သည်။

ကျွန်တော် မြန်မာ့အသံနှင့် လက်ရှိဆောင်ရွက်နေသော အစီအစဉ်မှာ မြန်မာ့အလင်းသတင်းစာတွင် ကျွန်တော် အပတ်စဉ်ရေးနေသော မြန်မာစာစကားဝိုင်း ဆောင်းပါးများကို မြန်မာ့အသံက "မြန်မာစကား မြန်မာစာ" အခန်းဖွင့်ပြီး ဒေါ်ယဉ်ယဉ်ရွှေနှင့် ဒေါ်ခင်သက်ဆွေတို့က အပတ်စဉ် အမေးအဖြေပုံစံဖြင့် အသံလွှင့် ဆွေးနွေးကြခြင်းဖြစ်ပါသည်။ သူတို့၏ အကြံပေးချက်အရ လစဉ်နောက်ဆုံးအပတ်တွင် ကျွန်တော်ကိုယ်တိုင်ပါဝင်ပြီး ဒေါ်ခင်သက်ဆွေနှင့် မေးဖြေဆွေးနွေးသည့် အစီအစဉ်ကို ဆောင်ရွက်နေပါသည်။ ပေါ့ပေါ့ပါးပါး ပြောဆိုဆွေးနွေးသည့် အစီအစဉ်ဖြစ်ပါသည်။

၇

ယခုကျွန်တော် အသက် ၈၀ ကျော်ချိန်တွင် ငယ်စဉ်ကတည်းက မက်မက်မောမော ရေဒီယိုသီချင်းနားထောင်သည့် အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာ့အသံက ညစဉ် ၉ နာရီခွဲတွင် ထုတ်လွှင့်ပေးသော "ခံစားနားဆင် မြန်မာတေးသံယဉ်" အစီအစဉ်မှာ ကျွန်တော်စွဲမက်ခဲ့သော မြန်မာသံသီချင်းများထုတ်လွှင့်သည့်အတွက် ညစဉ်နားထောင်ဖြစ်ပါသည်။ လုပ်စရာများအားလုံးလုပ်ပြီး၍ အိပ်ရာဝင်ခါနီး အေးအေးဆေးဆေး အနားယူစဉ် နားဝင်ချိုသော သီချင်းကလေးများကိုတစိမ့်စိမ့်နားဆင်ရသည်မှာ ကြည်နူးစရာကောင်းလှပါသည်။

"ကိုဗစ်ကာလ" မှာတော့ နိဂုံးချုပ် အစီအစဉ်တစ်ခုကိုပါ မပျက်မကွက် နားကြားဖြစ်သည်။ မင်းကွန်းဆရာတော်ဘုရားကြီးနှင့် တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးတို့၏ ရတနသုတ် ပရိတ်တရားတော်ကို အလှည့်ကျ ထုတ်လွှင့်ပေးသော အစီအစဉ်ဖြစ်သည်၊ ရတနသုတ်တော်ကို ဆရာတော်ကြီးများ ရွတ်ဆိုပြီးချိန်မှာ သာခု သုံးကြိမ်ခေါ်ပြီး . . .။

❒ ရန်ကုန်တိုင်းဒေသကြီးမှ

တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြပြီးတော့ အခုလိုမျိုး အချိန်ပိုင်းလေး ပြန်လည်ဖွင့်လှစ်ဖို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ လောလောဆယ် ပန်းခြံနဲ့ကစားကွင်းများအားလုံးကို နံနက် ၅ နာရီကနေ ၉ နာရီခွဲအထိ ဖွင့်လှစ်ပေးမယ်လို့ ကြေညာထားပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်(၈)ဦးသူရအောင်က ပြောသည်။

ကိုဗစ်ကာလအများပြည်သူများ၏ ကျန်းမာရေးကိုရှေးရှုသည့်အနေဖြင့် အများပြည်သူများ စုဝေးတတ်သောနေရာများဖြစ်သည့် ပြည်သူ့ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ အင်းလျားကန်ပေါင်အပါအဝင် အခြားပန်းခြံများနှင့် ကစားကွင်းစုစုပေါင်း ၆၁ ခုကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်၍ ဇန်နဝါရီ ၂၀ ရက်အထိယာယီပိတ်ထားခဲ့ရာယခုအခါ အများပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်းပြုလုပ်လိုကြသောကြောင့် တင်ပြလာကြခြင်းဖြစ်၍ ပန်းခြံနှင့်ကစားကွင်းများအားလုံးကို အချိန်ပိုင်းဖြင့် ပြန်လည်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ကိုဗစ်ကာလဖြစ်သောကြောင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များနှင့်အညီ ပန်းခြံများ၌ရှိနေစဉ် ကာလတစ်လျှောက်လုံးပါးစပ်နှင့် နှာခေါင်းစည်းများအား စနစ်တကျ တပ်ဆင်ထားရန် လိုအပ်ပြီးသတ်မှတ်စည်းကမ်းများအား လိုက်နာမှသာလျှင် ပန်းခြံများနှင့် ကစားကွင်းများ၌ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ပန်းခြံနှင့် ကစားကွင်းစုစုပေါင်း ၆၁ ခုရှိရာအရှေ့ပိုင်းခရိုင်၌ ၁၅ ခု၊ အနောက်ပိုင်းခရိုင်၌ ၁၉ ခု၊ တောင်ပိုင်းခရိုင်၌ ၁၄ ခုနှင့်မြောက်ပိုင်းခရိုင်၌ ၁၃ ခုရှိကြောင်းသိရပြီးပန်းခြံများနှင့် ကစားကွင်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှသိရသည်။

သတင်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို သောကြာနေ့ညတွင် ဆက်လက်ဖျော်ဖြေမည်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ(ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ ၇၅ ပုဒ်ကို ရွေးချယ်ပြီး အပတ်စဉ် သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက် ညတွင် ပွဲစဉ် (၇)ကို ဆက်လက်ဖျော်ဖြေမည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် AURORA တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ဂျေမောင်မောင်၊ တူးတူးအောင်အေးချစ်၊ ဟေမာနေဝင်း၊ ယုဇန၊ လိမ္မော်သီးနှင့် ချယ်ရီသင်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဇန်နဝါရီ ၂၄ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိုးကောင်းနှင့် မိုးညှင်းမြို့နယ်သမဝါယမအသင်းစုတို့က ရေထွက်ကုန်ပစ္စည်းများ ထပ်မံဖြန့်ဖြူးရောင်းချ

မိုးကောင်း ဇန်နဝါရီ ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ပြည်တွင်းငါးစားသုံးမှုမြှင့်တင်ရန်နှင့် ရေထွက်ကုန်ပစ္စည်းများ လွယ်လင့်တကူဝယ်ယူနိုင်ရေးအတွက် သမဝါယမကဏ္ဍက အကျိုးအမြတ်မယူ အရှုံးမပေါ်ရေးဟူသော မူတစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ချိတ်ဆက်၍ မိုးကောင်းနှင့် မိုးညှင်းမြို့နယ်သမဝါယမအသင်းစုတို့က ငါးကြင်းဖြူပိဿာချိန် ၁၅၅ ကို တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်း၊ ပုစွန်ပိဿာချိန် ၂၆ ကို တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀/၂၀၀၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချခဲ့ပြီး စားသုံးသူပြည်သူများ ဒေသပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် လတ်ဆတ်သော ငါး/ပုစွန်များကို စားသုံးရသည့် အကျိုးကျေးဇူးများ ရရှိလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ဘေးဒဏ်ကိုကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ တုံ့ပြန်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း (INGOs)များနှင့် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ထွန်းစေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေးတို့သည် နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်များပင်ဖြစ်ပါကြောင်း၊ လက်ရှိအစိုးရသက်တမ်းအတွင်းမှာပင် အဆိုပါလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်နှင့် ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်လာစေရန် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ရေးဆွဲထားပါကြောင်း။

အဆိုပါ စီမံကိန်းနှင့်အညီ နိုင်ငံတော်ဒုတိယသမ္မတဦးဆောင်သည့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းစီမံချက်ပါ ဦးစားပေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ်တွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး စီမံချက်အကောင်အထည်ဖော်တိုးတက်မှုအခြေအနေကို စောင့်ကြည့်အကဲဖြတ်ခဲ့ပါကြောင်း၊ အကဲဖြတ်မှုများအရ စီမံချက်ပါဦးစားပေးစီမံကိန်း ၃၂ ခုအနက် ၂၈ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့အတူ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကာလအလွန် ပြန်လည်ထူထောင်ရေးအတွက် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေးစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထို့အပြင် Myanmar Economic Resilience and Reform Plan (MERRP) ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူ့အဖွဲ့အစည်း ထူထောင်နိုင်ရန် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာစွာနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှုများ၊ ကွာဟချက်များနှင့် အကြံပြုချက်များကို ဖော်ထုတ်နိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏မူဝါဒများနှင့် အဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများကို ဟန်ချက်ညီညီ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် စီမံကိန်းအကောင်အထည်ဖော်သည့်နေရာရှိ ဒေသခံပြည်သူလူထုအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေရန် အလေးထားဆောင်ရွက်သည့် ရန်ပုံငွေခွဲဝေသုံးစွဲခြင်းမျိုး ဖြစ်ရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ၂၀၂၁ ခုနှစ်အတွင်းဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဦးစီးဌာန၊ ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းလုပ်ငန်းများ စသည်တို့တွင် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းနှင့် ညှိနှိုင်းပေါင်းစပ်မှုများကို ခံစားရရှိမည့်ပြည်သူလူထု အကျိုးရှိစေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း ၂၃ ဖွဲ့မှ ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြပြီး JICA နှင့် INGO Forum တို့မှ တာဝန်ရှိသူများကလည်း လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်သည့်အခမ်းအနား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဒုတိယအကြိမ် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်သည့်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၂)တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လိုကြောင်း လိုအပ်ချက်များ ပြည့်စုံစွာဖြင့် လျှောက်ထားသူ အထက်တန်းရှေ့နေ ၁၅၆ ဦးကို တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။ ထို့နောက် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ရရှိသူများက ကတိသစ္စာပြုကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ထုံး/စစ်ဆေးရေး)၊ ရှေ့နေရှေ့ရပ်ဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အသိအမှတ်ပြုလက်မှတ် ပေးအပ်**

၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနား တက်ရောက်ရန် ကြေညာထားသူများအနက် ၂၉၈ ဦး၏ ဝင်ကြေးငွေသွင်းပြေစာနှင့် လွှတ်တော်ရှေ့နေ တံဆိပ်ခေါင်းများ ပေးပို့ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်ရှေ့နေများကောင်စီတို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အဆိုပါအခမ်းအနား တက်ရောက်လိုကြောင်း လျှောက်ထားလာသူများနှင့် အထက်တန်းရှေ့နေလိုင်စင်မူရင်းများ ပြန်လည်အပ်နှံကာ ပြည့်စုံသူ ၃၁၁ ဦးအနက် ယနေ့ကျင်းပသည့် အခမ်းအနားတွင် ၁၅၆ ဦးကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။



ဆက်လက်၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ထပ်မံကျင်းပမည်ဖြစ်ပြီး ၁၅၅ ဦးကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် အကြိမ် ၄၀ မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ဘရာဇီးမှ တစ်ဦး၊ ဥရုဂွေးမှ နှစ်ဦး၊ အီဂျစ်မှ သုံးဦး၊ ဆွစ်ဇာလန်မှ တစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ ခုနစ်ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၇၃ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၈၇ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီဝနည်းပညာစက်မှုလုပ်ငန်းများအတွက် "ဇီဝနည်းစဉ်အင်ဂျင်နီယာပညာ"

ဒေါက်တာမြင့်စိန်
(INP–Lorraine, France)

YTU–MTU ၂၂ နှစ် ခရီးရှည် (၁၉၉၈ စိန်ပန်းနီမှ အညာတမာမြေသို့)

၁၉၈၃ ခုနှစ် စက်တင်ဘာလမှ ၁၉၈၈ ခုနှစ်ကုန်အထိ (Industry 3.0 အစောပိုင်း Internet မရှိသေး၊ ကမ္ဘာ ပတ်ဂြိုဟ်တုသာရှိ) ပြင်သစ်အစိုးရ၏ ပညာသင်ဆုဖြင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ ပဋိဇီဝဆေးဝါး အဓိက ထုတ်လုပ်ရန် Biotech Industry Project အတွက် Biotechnological Process Engineering ဘွဲ့လွန် သင်တန်းကို ပြင်သစ်နိုင်ငံ INP–Lorraine နည်းပညာ တက္ကသိုလ်၏ စိုက်ပျိုးရေးနှင့် အစားအစာအင်ဂျင်နီယာ ကျောင်း *(ENSAIA )*၊ ဓာတုအင်ဂျင်နီယာကျောင်း *(ENSIC)* တို့တွင် သိပ္ပံဘွဲ့မှ အင်ဂျင်နီယာဘွဲ့သို့ ပေါင်းကူးသင်တန်း (သုံးလ)–(အောင်လျှင်)– မဟာတန်း (*DEA* ဘွဲ့) နှင့် Ph.Dဘွဲ့ (*Docteur de* / INP–Lorraine) ကို စာရေးသူ ဆွတ်ခူးရရှိခဲ့ပါသည်။

ယင်းအတွေ့အကြုံများဖြင့် Japan, USA, Australia စသည့်နိုင်ငံများမှ ဇီဝနည်းပညာ domain ဘွဲ့လွန်ဒီဂရီ အသီးသီးရရှိခဲ့ကြသည့် ဌာနအသီးသီးမှ ပညာရှင် ဆရာကြီး ဆရာမကြီးများ၊ ပြည်တွင်းမှ ဘွဲ့လွန်၊ ပါရဂူဘွဲ့ရ ဆရာကြီး ဆရာမကြီးများ စုပေါင်း၍ ၁၉၉၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရန်ကုန်နည်းပညာ တက္ကသိုလ်၌ PG Dip. Biotech. တစ်နှစ်သင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့်အတူ ဇီဝနည်းပညာ ဘာသာရပ်မျိုးစေ့အား မြန်မာ့ပညာရေး ကဏ္ဍတွင် စတင်မိတ်ဆက်နိုင်ခဲ့ကြသည်။ သတ်မှတ်ချက်နှင့် ကိုက်ညီပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသော တက္ကသိုလ် ဝင်တန်းအောင်များအား စံပြဝန်ထမ်းသင်တန်းသားများ အဖြစ် ပုံမှန်လေးနှစ် တက်ရောက်စေပြီး Bachelor of Science–B.S (Biotechnology) ဘွဲ့ကို ၂၀၀၅ ခုနှစ်တွင် စတင်ပေးအပ်နိုင်ခဲ့သည်။

ထိုစဉ်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှု နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန လက်အောက်ရှိ ဇီဝနည်းပညာမဟာဌာနတွင် ဘွဲ့လွန် M.S မဟာဘွဲ့များကိုလည်းကောင်း၊ ၂၀၀၃–၂၀၀၄ခုနှစ်တွင် Ph.D (Biotechnology) Plan–A သင်တန်းကိုလည်းကောင်း ဖွင့်လှစ်ရန်စီစဉ်နိုင်ခဲ့ပါသည်။ ၎င်းနောက်တွင် ဇီဝနည်းပညာ မဟာဌာနကို မန္တလေး နည်းပညာတက္ကသိုလ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ယင်း အချိန်မှစ၍ ဇီဝနည်းပညာ ပါရဂူဘွဲ့ရပညာရှင် Scientists များ မွေးထုတ်နိုင်ခဲ့ပါသည်။

ဤတွင် ဇီဝနည်းပညာ Scientist နှင့် Engineer တို့၏ professional line of business (metier) သတ်မှတ်ပုံ ကွဲပြားမှုကို ရှင်းပြလိုပါသည်။ Biotechnology domain ကြီးတစ်ခုတည်း၏ အင်အားနှစ်ခုဖြစ်ကြသော Biotech နှင့် (Bioprocess Engg. / Biochemical Engg.) တို့သည် ဒင်္ဂါးတစ်ပြား၏ မျက်နှာပြင်နှစ်ခု (ခေါင်းနှင့်ပန်း) ကဲ့သို့ဖြစ်၍ အတူတကွ ကျောချင်းကပ် အလုပ်လုပ်ကြသူများ ဖြစ်ကြပါသည်။ ဥပမာအားဖြင့် – molecular biologists/ genetic engineer များ၏ ဆေးဝါးနှင့် အခြားဇီဝထုတ်ကုန် များ ထုတ်လုပ်နိုင်ရန် စွမ်းအားမြင့် အဏုဇီဝပိုးနှင့် ကလာပ် စည်းများ (GMO or iPS cells)ကို စနစ်တကျကိုင်တွယ်၍ End–user လိုအပ်ချက်အရ အရေအတွက် အများအပြားရရှိ ရန် အရွယ်အစားအလွန်ကြီးမားသည့် Bioreactor ဖြင့် အင်ဂျင်နီယာနည်းစဉ်အရ ဦးဆောင်စီမံခန့်ခွဲထုတ်လုပ်ရန် အလို့ငှာ "ဇီဝနည်းစဉ်အင်ဂျင်နီယာပညာရှင်" များ လိုအပ်ပါသည်။

ပညာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သည့် NESP (2021–2030)တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် ပြောကြားသွားသည့် အချက်တစ်ခုမှာ နိုင်ငံတကာပညာရှင်များက ၂၁ ရာစု ကမ္ဘာလုံးဆိုင်ရာ ပြဿနာများအနက် အဏုဇီဝရောဂါပိုးများ ၏ ပဋိဇီဝနှင့် Synthetic antimicrobial drugs အချို့ကို ခံနိုင်ရည်တိုးမြင့်ရရှိလာမှု (AMR, MDR & XDR) ပြဿနာကို ဖြေရှင်းကျော်လွှားနိုင်ရန်၊ ကိုဗစ်–၁၉ ကဲ့သို့ ကမ္ဘာ့ကပ်ရောဂါ များအတွက် ကာကွယ်ဆေးနှင့် ကုသဆေးများ ထုတ်လုပ်မှုကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နိုင်ရန်နှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရန် စိစစ်ရွေးချယ် ထားသည့် မျိုးဗီဇဆဲလ်များ စသည်တို့ကို ထုတ်လုပ်ရန် အဆင့်မြင့်နည်းစဉ်များကို Education 4.0 ↔ Industry 4.0 ခေတ်နှင့်အညီ အချိတ်အဆက်မိမိ ဦးစားပေးအကောင် အထည်ဖော်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တက္ကသိုလ်များသို့ တိုက်တွန်းဆွေးနွေးသွားသည်ကို တွေ့ရှိရပါသဖြင့် ၂၁ရာစု AI နှင့် Robotics ခေတ်တွင် ဇီဝနည်းစဉ်အင်ဂျင်နီယာ ဘာသာရပ်၏ ထူးခြားစွာ အရေးပါလာသည့် အခြေအနေ အား တင်ပြလိုခြင်းဖြစ်ပါသည်။






ဇီဝပစ္စည်းထုတ်လုပ်ခြင်းတွင်အသုံးပြုသော Fermenter နှင့် ၎င်း၏အစိတ်အပိုင်းများကို တွေ့ရစဉ်။

**ဇီဝနည်းပညာစက်မှုလုပ်ငန်းများအတွက် "ဇီဝနည်းစဉ် အင်ဂျင်နီယာပညာ" ဘာသာရပ် ဖြစ်တည်လာပုံ**

ရာစုနှစ်ပေါင်းများစွာကပင် လူသားတို့နှင့် အကျွမ်း တဝင်ရင်းနှီးပြီးဖြစ်သည့် ဝိုင်၊ ဘီယာ၊ ရှာလကာရည်နှင့် ဆာကေးအရက်တို့သည် ဇီဝနည်းပညာထုတ်ကုန်များ ဖြစ်ကြပါသည်။ ၁၉၅၀ ပြည့်နှစ်တွင် ပညာရပ်အသစ် "မော်လီကျူးဇီဝဗေဒ (Molecular Biology)" ကိုအခြေခံ၍ အဏုဇီဝပိုးတို့၏ မျိုးဗီဇကို စိတ်ကြိုက်ပုံစံ ပြုပြင်ပြောင်းလဲ ပေးနိုင်သည့် မျိုးဗီဇအင်ဂျင်နီယာပညာ (Genetic Engineering) က လူသားတို့အတွက် အရေးပါသော ဆေး ပညာ/ ဆေးဝါး၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများတွင် ယင်း Genetically Modified Organisms (GMO) တို့ကို အဓိက Performers အဖြစ် အသုံးပြုထားသည့် Engineering of Living Systems (တစ်နည်းအားဖြင့်) Bioprocess Engineering ပညာသည် လက်တွေ့အသုံးချသိပ္ပံပညာရပ် တစ်ခုအဖြစ် နောက်အနှစ် ၃၀ ခန့်တွင် ဖြစ်တည်လာခြင်း ဖြစ်ပါသည်။

Molecular Biology & Genetic Engineering နည်းစဉ်တို့ဖြင့် စိတ်ကြိုက်ပုံစံ ရွေးချယ်တည်ဆောက် ထားသည့် Mutant (GMO) တို့၏ စွမ်းပကားထင်ရှားသည့် သာဓကမှာ ၁၉၂၉ ခုနှစ် Alexander Fleming ၏ Penicillium notatum အသုံးပြု၍ ပင်နယ်ဆလင်ဒြပ်ပေါင်း (Penicillin) ထုတ်ယူနိုင်မှုသည် 2 IU/mL (0.0012 g/L) သာ ပြင်းအား ရှိခဲ့သော်လည်း နောက်နှစ်ပေါင်း ၅၀ ကျော် Molecular Biology ပညာရပ်ဖွံ့ဖြိုးတိုးတက်လာသောအခါ မျိုးစိတ် အသစ်များ စိစစ်ရွေးချယ်လာနိုင်ပြီး မျိုးစိတ်သစ် Penicillium chrysogenum သည် မူလ Penicillium notatum မျိုးစိတ်ထက် အဆပေါင်းများစွာ (85000 IU/mL)ပြင်းအား အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကာလရှည် သုံးစွဲလာခဲ့သည့် Biosynthetic Antibiotics များအား ယဉ်ပါးလာသည့်ရောဂါပိုးများကို နှိမ်နင်းရန်အတွက် Semi–synthetic Antibiotics နှင့် Novel Antimicrobials သုတေသနလုပ်ငန်းများမှာလည်း ရေရှည်စီမံချက်တစ်ခု အဖြစ် ဆက်လက်လုပ်ဆောင်နေရဦးမည်ဖြစ်ပါသည်။

**ကျောင်းနှင့်စက်ရုံ ချိတ်ဆက်ပေါင်းစည်းပေးသည့် Comprehensive Education အစီအစဉ်**

ဇီဝနည်းပညာဘာသာရပ်သည် အဏုဇီဝဗေဒ (Microbiology), ဇီဝဓာတုဗေဒ (Biochemistry) နှင့် မျိုးရိုးဗီဇ (Genetics) တို့အား ကနဦးအခြေခံပြီး Academic အပိုင်းနှင့် စက်ရုံလုပ်ငန်းဌာန နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးပြုနိုင်သည့် အသုံးချသိပ္ပံဘာသာရပ် ဖြစ်လာစေရန်အလို့ငှာ Molecular Biology, Microbiology, Biochemistry, Cell Biology, Chemical Engineering and Environmental Engineering ပညာရပ်ပေါင်းစုံတို့၏ အနှစ်သာရများ စုစည်းတည်ဆောက်ရပါသည်။ Manufacturing နှင့် Services စက်မှုလုပ်ငန်းနှစ်မျိုး၏ လိုအပ်ချက် သုတေသနအဖြေ ထုတ်ပေးနိုင်စွမ်းရှိသော ပညာရပ်ဝန်းကြီးလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ များပြားလှစွာသော Agricultural byproducts & wastes များအား Fermentation substrates အဖြစ် အလေအလွင့်မရှိစေဘဲ အသုံးချနိုင် သည့် ပညာရပ်ဖြစ်သကဲ့သို့ Agroindustries များ ပေါ်ပေါက်လာရန် အထောက်အကူဖြစ်စေသည့်အပြင် ပညာရေးဘက်တွင်လည်း Autonomous University/ Institutes များ ရေရှည်ရပ်တည်နိုင်ရန်မှာ စက်ရုံလုပ်ငန်း ဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးလှသည်။ စက်ရုံလုပ်ငန်းများသည် ၎င်းတို့၏ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော Competitive Production Process(es) for Novel or Modified Products များ ထုတ်လုပ်လာနိုင်သည့်အပြင် ပြဿနာတစ်စုံတစ်ခု အတွက် အဖြေရှာပေးခြင်း (Solutions) လုပ်ငန်းများ ကိုလည်း နှစ်ဦးသဘောတူ Contract စနစ်ဖြင့် ဆောင်ရွက်လာနိုင်ပါက University–Industry Collaboration များလည်း ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

၎င်းအပြင် ဘွဲ့ကြိုအင်ဂျင်နီယာကျောင်းသားများ Basic Courses အလွန် ဘွဲ့ယူမည့်နှစ်အထိ သုံးနှစ် ဆက်တိုက် စက်ရုံလုပ်ငန်းဌာနများတွင် အလုပ်သင် (Apprentice) အဖြစ် တစ်နှစ်လျှင် နှစ်လ၊ သုံးလ လက်တွေ့ Project အဆင့်တစ်ဆင့်စီ စက်ရုံတစ်ရုံတည်းတွင် Senior Engineers များ၏ကြီးကြပ်မှုဖြင့် သင်ယူရန် မဖြစ်မနေ စီစဉ်ပေးရန် အထူးလိုအပ်ပါသည်။ ယင်း Project report အပေါ် စိစစ်အမှတ်ပေးခြင်းနှင့် အလုပ်သင် ကာလတစ်လျှောက် Professional conduct & performance တို့အပေါ် အင်ဂျင်နီယာ အလုပ်အကိုင် ရရှိရေးအခွင့်အလမ်းသည် တည်မှီနေပါသည်။

စာမျက်နှာ ၁၀ သို့❖

**ဇီဝနည်းပညာဘာသာရပ်သည် အဏုဇီဝဗေဒ (Microbiology), ဇီဝဓာတုဗေဒ (Biochemistry) နှင့် မျိုးရိုးဗီဇ (Genetics) တို့အား ကနဦးအခြေခံပြီး Academic အပိုင်းနှင့် စက်ရုံလုပ်ငန်းဌာန နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးပြုနိုင်သည့် အသုံးချသိပ္ပံဘာသာရပ် ဖြစ်လာစေရန် အလို့ငှာ Molecular Biology, Microbiology, Biochemistry, Cell Biology, Chemical Engineering and Environmental Engineering ပညာရပ်ပေါင်းစုံတို့၏ အနှစ်သာရများ စုစည်းတည်ဆောက်ရပါသည်။ Manufacturing နှင့် Services စက်မှုလုပ်ငန်းနှစ်မျိုး၏ လိုအပ်ချက် သုတေသနအဖြေထုတ်ပေးနိုင်စွမ်းရှိသော ပညာရပ်ဝန်းကြီး လည်းဖြစ်။**

# ကိုဗစ်-၁၉ ရောဂါကြောင့် တိုကျိုအိုလံပစ်ပြိုင်ပွဲ သတ်မှတ်ချိန်အတွင်း ကျင်းပနိုင်ပါ့မလား

**တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနဲ့ မသန်စွမ်းအားကစားပြိုင်ပွဲတွေကို ၂၀၂၀ ပြည့်နှစ်အတွင်းက ကျင်းပဖို့ စီစဉ်ထားခဲ့ပေမယ့် ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရပြီး အဲဒီအားကစားပြိုင်ပွဲတွေကို ယခုနှစ် ဇူလိုင်လနဲ့ ဩဂုတ်လတို့မှာ ပြန်လည်စတင်နိုင်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။**

**အလင်းသစ်**




အိုလံပစ်ပြိုင်ပွဲ တာဝန်ရှိသူတွေက အဲဒီအားကစားပြိုင်ပွဲတွေကို ကျင်းပသွားမယ်လို့ အခိုင်အမာ ပြောကြားထားစဉ်မှာပဲ မြို့တော်တိုကျိုမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွေ မြင့်တက်လာတာကြောင့် တာဝန်ရှိသူတွေအနေနဲ့ အိုလံပစ်ပြိုင်ပွဲနဲ့ မသန်စွမ်းအားကစားပြိုင်ပွဲတွေကို ကျင်းပနိုင်ပါ့မလား ဒါမှမဟုတ် ကျင်းပသင့်သလားဆိုတဲ့ မေးခွန်းတွေ ထွက်ပေါ်လျက်ရှိနေတာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင်က ပြိုင်ပွဲကျင်းပရေး စီစဉ်သူတွေအနေနဲ့ အိုလံပစ်အားကစားပြိုင်ပွဲအတွက် လက်မှတ်ပေါင်းသန်းချီကို ရောင်းချခဲ့ပြီး မြို့တော်တိုကျိုအနေနဲ့လည်း ကမ္ဘာ့နိုင်ငံအသီးသီးက လာရောက်ကြမယ့် ပွဲကြည့်ပရိသတ်တွေကို ကြိုဆိုဖို့အသင့်အနေအထားမှာ ရှိနေခဲ့တာဖြစ်ပါတယ်။

အိုလံပစ်ပြိုင်ပွဲ ကျင်းပရေးကော်မတီအကြီးအကဲ မိုရီယိုရှီရိုကလည်း အိုလံပစ်အားကစားပြိုင်ပွဲနဲ့ မသန်စွမ်းအားကစားပြိုင်ပွဲတွေကို ယခုနှစ် နွေရာသီကာလမှာ ကျင်းပသွားမယ်လို့ ဇန်နဝါရီ ၁၂ ရက်မှာ ကတိပြု ပြောကြားခဲ့ပါတယ်။

**ဝင်ရောက်ခွင့်တားမြစ်ထား**

ဒါပေမယ့် ဂျပန်နိုင်ငံမှာ ပြီးခဲ့တဲ့လကတည်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် မြင့်တက်လာတဲ့အပြင် အိုလံပစ်ပြိုင်ပွဲကို ကျင်းပမယ်လို့ မိုရီယိုရှီရိုက ကတိကဝတ်ပြုခဲ့ချိန်မှာ မြို့တော်တိုကျိုဟာ အရေးပေါ်အခြေအနေကြေညာချက်အောက်ကို ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် ဂျပန်နိုင်ငံအစိုးရက ချမှတ်ခဲ့တဲ့ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်တွေထဲကတစ်ခုကတော့ ပြည်ပနိုင်ငံသားအားလုံးကို ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်တားမြစ်ထားခြင်းပဲဖြစ်ပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ တိုကျိုအိုလံပစ်ပြိုင်ပွဲကို ယခုနှစ် ဇူလိုင် ၂၃ ရက်ကနေ ဩဂုတ် ၈ ရက်အထိလည်းကောင်း၊ မသန်စွမ်းအားကစားပြိုင်ပွဲကို ဩဂုတ် ၂၄ ရက်ကနေ စက်တင်ဘာ ၅ ရက်အထိ လည်းကောင်း ပြောင်းလဲကျင်းပဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါကလည်း အိုလံပစ်အားကစားပြိုင်ပွဲနဲ့ ပတ်သက်ပြီး ပြည်သူလူထုအကြား ကန့်ကွက်မှုတချို့ရှိနေပေမယ့် အစီအစဉ်တွေကို ဆက်လက်အကောင်အထည်ဖော်သွားမယ်လို့ ကတိပြုခဲ့ပါတယ်။ မကြာသေးမီက ကျိုဒိုသတင်းဌာနက လူထုသဘောထား စစ်တမ်းကောက်ယူခဲ့ရာမှာတော့ ဂျပန်နိုင်ငံသား ၈၀ ရာခိုင်နှုန်းက အားကစားပြိုင်ပွဲကို ဖျက်သိမ်း ဒါမှမဟုတ် ရွှေ့ဆိုင်းဖို့ ဆန္ဒရှိနေကြတယ်လို့ ဆိုပါတယ်။

**ထောက်ခံမှုအနည်းငယ်သာရှိ**

ဒ့ါပြင် ယခုလအစောပိုင်းမှာ ဂျပန်သတင်းဌာနတစ်ခုဖြစ်တဲ့ အင်န်အိတ်ချ်ကေက ဦးဆောင်ပြုလုပ်ခဲ့တဲ့ လူထုသဘောထားစစ်တမ်းကောက်ယူမှုမှာလည်း တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနဲ့ မသန်စွမ်းအားကစားပြိုင်ပွဲတွေကို ကျင်းပသွားဖို့အတွက် ထောက်ခံမှုအနည်းငယ်သာရှိခဲ့တယ်လို့ ဆိုပါတယ်။ သဘောထားစစ်တမ်းကို ဖြေကြားခဲ့သူတွေထဲက ၁၆ ရာခိုင်နှုန်းကသာ ပြိုင်ပွဲကျင်းပဖို့အတွက် ထောက်ခံခဲ့ကြပြီး ၈၀ ရာခိုင်နှုန်းနီးပါးကတော့ အိုလံပစ်အားကစားပြိုင်ပွဲနဲ့ မသန်စွမ်းအားကစားပြိုင်ပွဲတွေကို ဖျက်သိမ်း ဒါမှမဟုတ် နောက်ထပ်တစ်ဖန် ရွှေ့ဆိုင်းသင့်တယ်လို့ ဆိုပါတယ်။

ပြည်သူ့ကျန်းမာရေးဌာနရဲ့ ကျွမ်းကျင်ပညာရှင်တစ်ဦးလည်းဖြစ်၊ အပြည်ပြည်ဆိုင်ရာကျန်းမာရေးနှင့် လူမှုဘဝဖူလုံရေး တက္ကသိုလ်ရဲ့ ပါမောက္ခတစ်ဦးလည်းဖြစ်သူ ဝါဒါကိုဂျီကတော့ ဂျပန်နိုင်ငံအနေနဲ့ အိုလံပစ်ပြိုင်ပွဲနဲ့ မသန်စွမ်းအားကစားပြိုင်ပွဲကို ကျင်းပသွားဖို့ အလားအလာရှိတယ်လို့ သူ့ရဲ့ယုံကြည်ချက်ကို ပြောကြားခဲ့ပါတယ်။ ဒ့ါပြင် မြို့တော်တိုကျိုဟာလည်း လာမည့်တစ်လ ဒါမှမဟုတ် နှစ်လအတွင်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်နိုင်မယ့်အနေအထားကို ရောက်ရှိလာဖွယ်ရှိတယ်လို့လည်း ဝါဒါကိုဂျီက ဆိုပါတယ်။

> **နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု လျော့ကျခဲ့မယ်ဆိုရင်တောင် ဂျပန်နိုင်ငံအနေနဲ့ ခရီးသည်တွေရဲ့ ရောဂါကူးစက်နိုင်မယ့် အခြေအနေတွေကို စောင့်ကြည့်ဖို့အတွက် အကျိုးရှိထိရောက်တဲ့စနစ်တစ်ခု လိုအပ်နေဆဲဖြစ်လိမ့်မယ်**

ဒါပေမယ့် အားကစားပြိုင်ပွဲတစ်ခုမှာ ကိုယ်ခန္ဓာချင်းထိတွေ့မှု အကြိမ်ရေအပေါ် မူတည်ပြီး ဖြစ်ပေါ်လာနိုင်တဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအန္တရာယ်ကို ပြိုင်ပွဲစီစဉ်သူတွေအနေနဲ့ ထည့်သွင်းစဉ်းစားဖို့ လိုလိမ့်မယ်လို့လည်း ဝါဒါကိုဂျီက ပြောကြားခဲ့ပါတယ်။

ဂေါက်သီးရိုက်အားကစားနဲ့ တင်းနစ်အားကစားလိုမျိုး အားကစားပြိုင်ပွဲတွေကို အခက်အခဲမရှိဘဲ ကျင်းပနိုင်ဖို့ ရှိပေမယ့်လည်း နပန်းအားကစား ဒါမှမဟုတ် ဂျူဒိုအားကစားလိုမျိုး ကိုယ်ခန္ဓာချင်း ထိတွေ့မှုများတဲ့ အားကစားပြိုင်ပွဲတွေမှာတော့ ကူးစက်မှုအန္တရာယ်မြင့်မားစွာ ဖြစ်ပေါ်လာနိုင်တယ်လို့ ဝါဒါကိုဂျီက ပြောကြားခဲ့ပါတယ်။

ဒါကြောင့် ဂျပန်နိုင်ငံအနေနဲ့ ပွဲကြည့်ပရိသတ်တွေကို ဖိတ်ကြားနိုင်မလားဆိုတာကလည်း စိန်ခေါ်မှုအများအပြားတွေထဲက တစ်ခုဖြစ်တယ်လို့ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမက်ဘတ်ချ်က ပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းဦးဆောင်သူတွေကတော့ ပွဲကြည့်ပရိသတ်တွေကို ဖိတ်ကြားပေးဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းက ဂျပန်နိုင်ငံကို လာရောက်တဲ့ ခရီးသွားအရေအတွက်ဟာ ပထမဆုံးအကြိမ် သန်း ၃၀ အထိရှိခဲ့ပါတယ်။ အဲဒါဟာ ၂၀၁၉ ခုနှစ်အတွင်းက ဂျပန်ခရီးသွားအေဂျင်စီက စစ်တမ်းကောက်ယူထားတာဖြစ်ပြီး အဲဒီခရီးသွားတွေဟာ အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံနီးပါး သို့မဟုတ် ဂျပန်ယန်း ၄ ထရီလီယံကျော် သုံးစွဲခဲ့တာကြောင့် ဂျပန်နိုင်ငံတစ်ဝန်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကို ပိုမိုအကျိုးဖြစ်ထွန်းစေခဲ့တယ်လို့ ဆိုပါတယ်။

မဲလ်ဘုန်းမြို့မှာ နေထိုင်တဲ့ ကီလာဂါနာဆိုတဲ့ အမျိုးသမီးတစ်ဦးဟာ ဂျပန်နိုင်ငံမှာ ကျင်းပမယ့် တိုကျိုအိုလံပစ်ပြိုင်ပွဲကို လာရောက်ကြည့်ရှုဖို့ လက်မှတ်ဝယ်ယူထားသူတွေထဲက တစ်ဦးဖြစ်ပြီး ကီလာဂါနာနဲ့ သူ့ရဲ့ မိတ်ဆွေတို့ဟာ ပြိုင်ပွဲစုံကြည့်ရှုဖို့ လက်မှတ်ဝယ်ယူမှုအတွက် အမေရိကန်ဒေါ်လာ ၃၀၀ အကုန်အကျခံ သုံးစွဲထားတာဖြစ်ပါတယ်။

**ကြံ့တောင့်ကြံ့ခံ ခရီးစဉ်**

ဒါပေမယ့် သူတို့အနေနဲ့ တိုကျိုအိုလံပစ်ပြိုင်ပွဲနဲ့ မသန်စွမ်းအားကစားပြိုင်ပွဲကို သွားရောက်နိုင်ပါ့မလားဆိုတာနဲ့ ပတ်သက်ပြီး ဆန်းစစ်လျက်ရှိပါတယ်။ ဂျပန်နိုင်ငံကို သွားရောက်မယ့်ခရီးစဉ်ဟာ ကြံ့တောင့်ကြံ့ခံခရီးစဉ်ဖြစ်တာကြောင့် ဘေးကင်းလုံခြုံမှု အပြည့်အဝရှိခဲ့မယ်ဆိုရင်တော့ သွားချင်ပါတယ်လို့လည်း ကီလာဂါဒါက ပြောကြားခဲ့ပါတယ်။

ပြိုင်ပွဲစီစဉ်သူတွေအနေနဲ့ ပြီးခဲ့တဲ့လအတွင်းက ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး စည်းကမ်းချက်တွေထဲက ယာယီအစီအစဉ်တစ်ခုကို ထုတ်ဖော်ပြောကြားခဲ့ပါသေးတယ်။ အဲဒါကတော့ တင်းကျပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေအပါအဝင် နိုင်ငံခြားသားတွေအတွက် လက်ရှိဆောင်ရွက်နေတဲ့ ၁၄ ရက်ကြာ သီးသန့်ခွဲခြားစောင့်ကြည့်မှုခံယူရတဲ့ကာလကို အခြားနည်းလမ်းအသုံးပြုဖို့ ပြိုင်ပွဲကျင်းပရေးအာဏာပိုင်တွေက စဉ်းစားသုံးသပ်နေတာပဲဖြစ်ပါတယ်။

**သက်သေပြနေ**

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု လျော့ကျခဲ့မယ်ဆိုရင်တောင် ဂျပန်နိုင်ငံအနေနဲ့ ခရီးသည်တွေရဲ့ ရောဂါကူးစက်နိုင်မယ့်အခြေအနေတွေကို စောင့်ကြည့်ဖို့အတွက် အကျိုးရှိထိရောက်တဲ့စနစ်တစ်ခု လိုအပ်နေဆဲ ဖြစ်လိမ့်မယ်လို့လည်း ဝါဒါကိုဂျီက ပြောကြားခဲ့ပါတယ်။ ပြိုင်ပွဲစီစဉ်တဲ့သူတွေကတော့ နွေဦးရာသီမတိုင်မီမှာ ပွဲကြည့်ပရိသတ်တွေအတွက် အစီအစဉ်သစ်တစ်ခုကို ထုတ်ပြန်သွားမယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဗိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက် မြင့်တက်လာခြင်းနဲ့ ပြိုင်ပွဲကျင်းပရေးထောက်ခံတဲ့ ပရိသတ်လျော့ကျလာခြင်းတို့က ပြိုင်ပွဲကျင်းပရေးဆိုင်ရာ အခက်အခဲတွေကို မကျော်လွှားနိုင်ဘူးဆိုတာကို သက်သေပြနေတာလည်း ဖြစ်ပါတယ်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘီဘီစီ**

# အသက် ၁၀၂ နှစ်အရွယ် အဘိုးအိုတစ်ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာ




**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၀**

အသက် ၁၀၂ နှစ်ရှိသည့် ဂျပန်နွယ်ဖွား ဘရာဇီးနိုင်ငံသား အဘိုးအိုတစ်ဦးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးနိုင်ငံ ကာရီတီဘာမြို့တွင်နေထိုင်သည့် အဘိုးအို ယိုရှိယိုနီရှိသည် လွန်ခဲ့သောလက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ရက်သတ္တသုံးပတ်အကြာတွင် အဆိုပါရောဂါမှ ကင်းစင်သွားပြီး ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း ဘရာဇီးမီဒီယာများက သတင်းဖော်ပြသည်။

အဘိုးအို ယိုရှိယိုနီရှိသည် စပိန်တုပ်ကွေးကူးစက်ရောဂါကိုလည်း ယခင်က ကူးစက်ခံခဲ့ရပြီး ပြန်လည်ကျန်းမာလာခဲ့ကြောင်း ယိုရှိယိုနီရှိနှင့် သူ၏မိသားစုဝင်များ၏ ပြောကြားချက်ကို ဘရာဇီးမီဒီယာများက ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် ယိုရှိယိုနီရှိ၏ မိသားစုဝင်အများအပြား စပိန်တုပ်ကွေး ကူးစက်ခံခဲ့ရပြီး သေဆုံးခဲ့သော်လည်း ယိုရှိယိုနီရှိသည် အဆိုပါရောဂါ ကူးစက်ခံရမှုမှ ပြန်လည်ကျန်းမာလာခဲ့သည်။

အသက် ၁၀၂ နှစ်ရှိသည့် အဘိုးအိုတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာခြင်းသည် အံ့ဩစရာတစ်ခုပင်ဖြစ်ကြောင်းနှင့် ၎င်းပြန်လည် ကျန်းမာလာခဲ့ခြင်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုများ မြင့်တက်လျက်ရှိသည့် ဘရာဇီးနိုင်ငံအတွက် မျှော်လင့်ချက်တစ်ခု ပေးလိုက်ခြင်းပင်ဖြစ်ကြောင်း သတင်းမီဒီယာများက ရေးသားကြသည်။

လက်ရှိအချိန်အထိ ဘရာဇီးနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅၇၅၇၄၂ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၂၁၁၅၁၁ ဦးရှိကြောင်း သိရသည်။

**ကိုးကား -အင်န်အိတ်ချ်ကေ၊ ဘာသာပြန် -အောင်ကျော်ကျော်**

# အစိုးရသစ် ကံကောင်းပါစေကြောင်း နှုတ်ခွန်းဆက်မိန့်ခွန်းတွင် ထရမ့် ပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၂၀**

အမေရိကန်အစိုးရသစ်အနေဖြင့် ကံကောင်းမှုများရရှိပြီး အမေရိကန် နိုင်ငံသာယာဝပြောမှုနှင့် လုံခြုံမှုရှိပါစေကြောင်း အမေရိကန်သမ္မတထရမ့်က ၎င်း၏ နှုတ်ခွန်းဆက်မိန့်ခွန်း၌ ပြောကြားသည်။ သို့ရာတွင် ထရမ့်က အစိုးရသစ်အဖြစ်သာ သုံးစွဲခဲ့ပြီး ဘိုင်ဒင်၏အမည်ကို ထည့်သွင်းပြောကြားခြင်း မရှိခဲ့ပေ။

“ဇန်နဝါရီ ၂၀ ရက်မှာ ကျမ်းသစ္စာကျိန်ဆိုမယ့် အစိုးရအနေနဲ့ အမေရိကန်နိုင်ငံ သာယာဝပြောမှုနဲ့ လုံခြုံမှုရှိအောင် ထိန်းသိမ်းနိုင်ပါစေကြောင်း ဆန္ဒပြုပါတယ်။ အစိုးရသစ်ကို အကောင်းဆုံးဖြစ်ပါစေဆိုတဲ့ ဆန္ဒအပြင် ကံကောင်းမှုတွေ ရရှိပါစေကြောင်းလည်း ဆန္ဒပြုပါတယ်။ ဒါက အရေးကြီးဆုံးပါ”ဟု ထရမ့်က ပြောကြားသည်။

ထရမ့်အစိုးရလက်ထက်တွင် အမေရိကန်စီးပွားရေး တောက်လျှောက် တိုးတက်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့ခဲ့မှုနှင့်အတူ နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးအခြေအနေများ ယိမ်းယိုင်ခဲ့ရသည်။ ထို့ကြောင့် ထရမ့်က အစိုးရတစ်ရပ်အနေဖြင့် အုပ်ချုပ်ရေးပိုင်း ကျွမ်းကျင်မှုအပြင် ကံကောင်းရန်လည်းလိုအပ်ကြောင်း ဆိုခဲ့ခြင်းဖြစ်သည်။ “အကြီးမားဆုံး အန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတော့ ကျွန်တော်တို့တွေအားလုံး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေ ပျောက်ဆုံးကုန်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အကြီးမားဆုံးဖြစ်တဲ့အမျိုးသားရေးပါ လျော့ကျလာခဲ့တယ်”ဟု ထရမ့်က ထည့်သွင်းပြောကြားခဲ့သည်။

ထရမ့်အနေဖြင့် ယနေ့ မွန်းတည့်(အမေရိကန်ဒေသစံတော်ချိန်)တွင် ဘိုင်ဒင်အစိုးရကို အာဏာလွှဲပြောင်းပေးမည်ဖြစ်သည်။ ထရမ့်က မိမိအနေဖြင့် အိမ်ဖြူတော်ကဲ့သို့ကြီးကျယ်ခမ်းနားသည့်နေရာမှ သစ္စာရှိစိတ်၊ အကောင်းမြင်စိတ်ဖြင့် ထွက်ခွာမည်ဖြစ်ကာ အမေရိကန်အုပ်ချုပ်ရေးစနစ်မှပေးမည့် အကောင်းဆုံးအရာများကို အမေရိကန်နိုင်ငံသားများ ဆက်လက်ရရှိခံစားနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆက်လက်ပြောကြားသည်။

**ကိုးကား- အေပီ၊ ဘာသာပြန်-မေလွဲ့သင်း**






# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ သန်း ၄၀ ကျော်ရှိ

**ဝါရှန်တန် ဇန်နဝါရီ ၂၀**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသည့် ပြည်သူ သန်း ၄၀ ကျော်ရှိကြောင်း ယနေ့စစ်တမ်းတစ်ရပ်အရ သိရသည်။

အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသီအဖွဲ့က ဇန်နဝါရီ ၁၈ ရက်အထိ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသည့် ပြည်သူအရေအတွက်ကို စစ်တမ်းကောက်ယူခဲ့ပြီး ၎င်းတို့၏ဝက်ဘ်ဆိုက်ဖြစ်သည့် “Our World in Data” တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံပြီးသူ ၁၀ ဒသမ ၆ သန်းရှိပြီး ကမ္ဘာပေါ်တွင် အရေအတွက် အများဆုံးဖြစ်သည်။ တရုတ်နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံပြီးသူ ၁၀ သန်း၊ ဗြိတိန်နိုင်ငံတွင် ၄ သန်းကျော်နှင့် အစ္စရေးနိုင်ငံတွင် ၂ ဒသမ ၁ သန်းကျော်ရှိသည်။




အလားတူ အစ္စရေးနိုင်ငံသည် နိုင်ငံ့လူဦးရေ၏ ၂၄ ဒသမ ၈၁ ရာခိုင်နှုန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ပြီး အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် ၁၇ ဒသမ ၄၁ ရာခိုင်နှုန်း၊ ဘာရိန်းနိုင်ငံတွင် ၈ ဒသမ ၃၂ ရာခိုင်နှုန်း၊ ဗြိတိန်နိုင်ငံတွင် ၅ ဒသမ ၉၈ ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံတွင် ၃ ဒသမ ၃ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တပ်ဖွဲ့ဝင် ၁၂ ဦးကို သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲ လုံခြုံရေးဆောင်ရွက်မှုမှ ဖယ်ရှား

**ဝါရှင်တန် ဇန်နဝါရီ ၂၀**

အမေရိကန်သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားအတွက် လုံခြုံရေးချထားသည့် တပ်ဖွဲ့ဝင် ၁၂ ဦးကို ၎င်းတို့၏နောက်ကြောင်းရာဇဝင်များကြောင့် လွှတ်တော်အဆောက်အအုံလုံခြုံရေးအဖွဲ့မှ ဖယ်ရှားခဲ့ကြောင်း အမျိုးသားစုံစမ်းစစ်ဆေးရေးဗျူရို(FBI)၏ ယမန်နေ့ ပြောကြားချက်အရ သိရသည်။

၎င်းတို့အနက် နှစ်ဦးမှာ လူမှုကွန်ရက်များတွင် မသင့်လျော်သည့် မှတ်ချက် သို့မဟုတ် စာသားများကို ရေးသားခဲ့ခြင်းကြောင့် ဖယ်ရှားခဲ့ခြင်းဖြစ်ကာ ကျန် ၁၀ ဦးကိုမူ ၎င်းတို့၏ သတိပြုဖွယ်နောက်ကြောင်းရာဇဝင်များကြောင့် ဖယ်ရှားခြင်းဖြစ်ကြောင်း FBI အကြီးအကဲ ဗိုလ်ချုပ်ကြီး ဒန်နီယဲလ်ဟိုကာဆန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ လုံခြုံရေးတာဝန်ယူထားသူများ အနေဖြင့် ၎င်းတို့ရှိနေသည့် နေရာအတိအကျ၊ နေထိုင်မှုပုံစံတို့နှင့် စပ်လျဉ်းပြီး မည်သို့သော ဓာတ်ပုံကိုမျှ ရိုက်ယူခြင်း၊ အွန်လိုင်းပို့စ်များတင်ခြင်းကိုမဆို FBI က တားမြစ်ထားသည်။

သို့ရာတွင် မလျော်ကန်သည့်စာသား၊ မှတ်ချက်ရေးသားခဲ့သူနှစ်ဦးမှာ သမ္မတသစ်ဖြစ်လာမည့် ဘိုင်ဒင်နှင့် ဒုသမ္မတသစ်ဖြစ်လာသည့် ကမ်မလာဟားရစ်တို့နှင့် ပတ်သက်ပြီး လူမျိုးရေးခွဲခြားမှုနှင့် အစွန်းရောက်ဝါဒပါ စာသားများကို ရေးသားခဲ့ခြင်းကြောင့်လားဟူသည့် မေးမြန်းချက်ကို ဖြေကြားရန် ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဟော့ဖ်မန်းက ငြင်းဆန်ခဲ့သည်။ ကျမ်းသစ္စာကျိန်ဆိုမည့် လွှတ်တော်အဆောက်အအုံတွင် FBI မှ တပ်ဖွဲ့ဝင်အင်အား ၂၅၀၀၀ ကို ချထားသဖြင့် ၁၂ ဦး ဖယ်ရှားရုံမျှဖြင့် လုံခြုံရေးဆောင်ရွက်မှု ထိခိုက်စရာအကြောင်းမရှိကြောင်း ဟော့ဖ်မန်းက ဆက်လက်ပြောကြားသည်။

**ကိုးကား-အေဂျေ၊ ဘာသာပြန်-မေလွဲ့သင်း**

# ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်ခြင်းကြောင့် မြို့တော်ပေကျင်း၌ ခရီးသွားလာခွင့်ကန့်သတ်ချက်အချို့ ချမှတ်

**ပေကျင်း ဇန်နဝါရီ ၂၀**

တရုတ်နိုင်ငံတစ်ဝန်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၃ ဦး ယနေ့ထပ်မံတွေ့ရှိခဲ့ပြီးနောက် ကျန်းမာရေးအာဏာပိုင်များက မြို့တော်ပေကျင်း၌ ခရီးသွားလာခွင့်ကန့်သတ်ချက်ကို ချမှတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပေကျင်းမြို့တော်၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ခုနစ်ဦး စစ်ဆေးတွေ့ရှိခဲ့သည်။ ပေကျင်းမြို့နေ ပြည်သူများအနေဖြင့် ရောဂါပိုးမရှိကြောင်း ကျန်းမာရေးထောက်ခံစာနှင့် ကျန်းမာရေးအာဏာပိုင်များ၏ အထူးခွင့်ပြုချက်မရရှိပါက ပေကျင်းမြို့မှ အခြားမြို့များသို့ ခရီးသွားလာခွင့်မရှိကြောင်း အာဏာပိုင်များက ဆိုသည်။

ထို့ပြင် လက်ထပ်ပွဲအခမ်းအနားနှင့် အသုဘအခမ်းအနားများကို အကျဉ်းချုံးပြုလုပ်ခြင်းကိုသာခွင့်ပြုထားပြီး လူ ၅၀ ဦးထက်ပိုသည့် စုဝေးမှုများ မပြုလုပ်ရန်လည်း တားမြစ်ထားသည်။ မြို့နေပြည်သူများကိုလည်း နေအိမ်အတွင်း၌သာ နေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ၂၀၂၀ ပြည့်နှစ်တွင် ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၁၇ ဘီလီယံ ရရှိအောင် စင်ကာပူ ဆွဲဆောင်နိုင်ခဲ့



**စင်ကာပူ ဇန်နဝါရီ ၂၀**

၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ကပ်ရောဂါ၏ သက်ရောက်မှုကို ကြုံတွေ့ခဲ့ရသော်လည်း စင်ကာပူနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံကျော်ရရှိအောင် ဆွဲဆောင်နိုင်ခဲ့ပြီး အဆိုပါပမာဏသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးရင်းနှီးမြှုပ်နှံမှုပမာဏလည်း ဖြစ်ခဲ့ကြောင်း စီးပွားရေးဖွံ့ဖြိုးမှုဘုတ်အဖွဲ့(EDB)၏ ပြောကြားချက်အရ သိရသည်။

စင်ကာပူနိုင်ငံအနေဖြင့် နှစ်စဉ်နှစ်တိုင်းဆိုသလို ကာလလတ်နှင့် ကာလရှည် ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၁၀ ဘီလီယံနှင့်အထက် ရရှိလေ့ရှိသည်။ စင်ကာပူသည် ၂၀၀၈ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု ၁၈ ဘီလီယံရရှိခဲ့ပြီးနောက် ယခု ၂၀၂၀ ပြည့်နှစ် ရရှိခဲ့သည့် ရင်းနှီးမြှုပ်နှံမှုပမာဏသည် ၁၂ နှစ်အတွင်း အမြင့်ဆုံးရင်းနှီးမြှုပ်နှံမှုပမာဏ တစ်ရပ်ဖြစ်လာခဲ့သည်။

ယင်းသို့ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်လာခြင်းသည် EDB ၏ အားထုတ်မှုနှင့် စွမ်းဆောင်ရည်ကောင်းများကြောင့် ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ချန်ချူဆင်းက ချီးကျူးစကား ဆိုခဲ့သည်။ လျှပ်စစ်နှင့် ဓာတုလုပ်ငန်းတို့တွင် ကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံနှင့် ၄ ဒသမ ၁ ဘီလီယံအသီးသီးဖြင့် ရင်းနှီးမြှုပ်နှံမှု အများဆုံးရှိခဲ့ကြောင်း သိရသည်။

စင်ကာပူတွင် ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများစာရင်းတွင် အမေရိကန်ပြည်ထောင်စုက ၅၃ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ပထမနေရာတွင်ရှိနေပြီး ဥရောပနိုင်ငံများက ၁၇ ဒသမ ၁ ရာခိုင်နှုန်းနှင့် ပြည်တွင်းလုပ်ငန်းများမှ ၁၇ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

စီမံထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လည်ပတ်ချိန်တွင် အလုပ်အကိုင်သစ် ၁၉၃၅၂ နေရာရရှိလာမည်ဖြစ်ကာ ထို့အတွက် ငါးနှစ်အတွင်း ထပ်တိုးဝင်ငွေ ၃၁ ဒသမ ၂ ဘီလီယံ ဆက်လက်ရရှိလာဦးမည်ဖြစ်သည်။ စင်ကာပူနိုင်ငံ၏ အလုပ်အကိုင်ထက်ဝက်နီးပါး (၄၅ ရာခိုင်နှုန်း)သည် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများမှ ဖြစ်ပြီး ၂၄ ရာခိုင်နှုန်းသည် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုနှင့် ဆက်စပ်လုပ်ငန်းများမှဖြစ်သည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**

# ကိုဗစ်-၁၉ ကာကွယ်ဆေးအပေါ် သတင်းမှားဖြန့်ချိပါက ပြစ်ဒဏ်ချမှတ်မည်ဟု ထိုင်းဝန်ကြီးချုပ် ပြောကြား

**ဗန်ကောက် ဇန်နဝါရီ ၂၀**

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် စပ်လျဉ်း၍ လူမှုကွန်ရက် (သို့မဟုတ်) အခြားမီဒီယာအမျိုးအစားတစ်မျိုးမျိုးမှ သတင်းအမှားဖြန့်ချိမှုအတွက် ပြင်းထန်သည့် ပြစ်ဒဏ်ကို ချမှတ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ယနေ့သတိပေးပြောကြားသည်။

၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ကြေညာခဲ့သည့် အရေးပေါ်ထုတ်ပြန်ချက်အရ ထိုင်းနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်းသည့် မည်သည့်သတင်းအမှားမျိုးကိုမဆို ဖြန့်ချိသူအား ကျန်းမာရေးခြိမ်းခြောက်မှုဖြင့် ပြစ်ဒဏ်ချမှတ်နိုင်သည်။

ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှု နောက်ကျခြင်းအပေါ် ဝေဖန်မှုများ ထွက်ပေါ်နေပြီးနောက် ကာကွယ်ဆေးသည် နိုင်ငံရေးပါတီများ၏ သတင်းမှားဖြန့်ချိသည့် ပစ်မှတ်ဖြစ်လာနေပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ယူဆသည်။ "ဥပဒေပိုင်းအရ ပြစ်ဒဏ်ချမှတ်မှု ပြုမယ်ဆိုတာကြောင့် ခြိမ်းခြောက်တယ်လို့ ကျွန်တော့်အပေါ် မယူဆစေချင်ဘူး။ ပြည်သူတိုင်းက အစိုးရရဲ့ ဆောင်ရွက်ချက်အပေါ် ယုံကြည်မှု ရှိဖို့လိုပါတယ်" ဟု ပရာယွတ်က ပြောကြားခဲ့သည်။

ကျန်းမာရေးသိပ္ပံဌာနမှ ညွှန်ကြားရေးမှူးချုပ် ဆီရီလတ်က အစိုးရအနေဖြင့် ပြီးခဲ့သည့်လများအတွင်းကပင် ကာကွယ်ဆေးဝယ်ယူရန် ဆောင်ရွက်နေခဲ့သော်လည်း မည်သည့်ဆေးက ထိုင်းနိုင်ငံ၏အနေအထားနှင့် အကိုက်ညီဆုံးဖြစ်မည်ဆိုတာကို ဆန်းစစ်လေ့လာရခြင်းကြောင့် ဆေးဝယ်ယူမှု နောက်ကျနေရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ အစိုးရသည် နိုင်ငံသား ၅၀ ရာခိုင်နှုန်းအား ကာကွယ်ဆေးထိုးနှံပေးနိုင်မည့် ပမာဏကိုဝယ်ယူရန် ယေဘုယျသတ်မှတ်ထားသော်လည်း နိုင်ငံသားအားလုံးကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အထိ ရည်ရွယ်ဆောင်ရွက်နေ သည်ဟု ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောသည်။

ထိုင်းနိုင်ငံသည် လာမည့်ဖေဖော်ဝါရီလတွင် ကာကွယ်ဆေး ပထမသုတ်အဖြစ် တရုတ်နိုင်ငံထုတ် Coronavac ကာကွယ်ဆေးအလုံးရေ နှစ်သိန်းကို စတင်လက်ခံရရှိမည်ဖြစ်ပြီး ယင်းနောက် ဗြိတိန်၏ Astra Zeneca ဆေးအလုံးရေ နှစ်သန်းကို ထပ်မံလက်ခံရရှိမည်ဖြစ်သည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- မေလဲ့သင်း**



ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ။

## အမေရိကန်၌ ကလေးငယ် ၂ ဒသမ ၅ သန်းခန့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဝါရှင်တန် ဇန်နဝါရီ ၂၀**

အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ လက်ရှိအချိန်အထိ ကလေးငယ် ၂ ဒသမ ၅ သန်းခန့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း အမေရိကန်ကလေးဆေးပညာတက္ကသိုလ်နှင့် ကလေးများဆေးရုံအဖွဲ့မှ ထုတ်ပြန်သည့်အစီရင်ခံစာအရ သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် ပြီးခဲ့သည့် သီတင်းပတ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော ကလေးငယ် ၂၁၁၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ အပတ်စဉ်ရောဂါ ကူးစက်မှုနှုန်း အများဆုံးဖြစ်လာခဲ့သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စုတစ်ဝန်းတွင် ယမန်နှစ် ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၁၄ ရက်အထိ ကလေးငယ်၃၈၂၅၄၅ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရပြီး သီတင်းပတ်နှစ်ပတ်အတွင်း ကလေးငယ်များအကြား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ၁၈ ရာခိုင်နှုန်းခန့် မြင့်တက်လာသည်ကို တွေ့ရှိသည်။

အမေရိကန်ကလေးငယ်များအကြား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမှာ အမေရိကန်တစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံး၏ ၁၂ ဒသမ ၆ ရာခိုင်နှုန်းခန့် ရှိသည်။ အမေရိကန်ကလေးငယ်များအကြား ကိုဗစ်-၁၉ ရောဂါ စုစုပေါင်းကူးစက်မှုနှုန်းမှာ ကလေး ၁၀၀၀၀၀ လျှင် ၃၃၃၆ ဦးနှုန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း အစီရင်ခံစာအရ သိရသည်။

လက်ရှိအချိန်တွင် အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါကြောင့် ကလေးငယ်များအကြား ပြင်းထန်သည့် ဖျားနာမှုမျိုး ခံစားရဖွယ်မရှိသော်လည်း ကလေးများ၏ ကျန်းမာရေးအပေါ် ကိုဗစ်-၁၉ ရောဂါ၏ ရေရှည်သက်ရောက်မှုနှင့် ပတ်သက်၍ မှတ်တမ်းပိုမိုပြုစုရန် အရေးပေါ်လိုအပ်နေကြောင်း အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းအား နွေရာသီကာလမတိုင်မီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးရန် ဥရောပသမဂ္ဂ ရည်ရွယ်လျက်ရှိ

**ဘရပ်ဆဲလ် ဇန်နဝါရီ ၂၀**

ဥရောပသမဂ္ဂ(အီးယူ)သည် အရွယ်ရောက်ပြီးလူဦးရေ၏ ၇၀ ရာခိုင်နှုန်းအား နွေရာသီကာလမတိုင်မီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးရန် ရည်ရွယ်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့်လုပ်ဆောင်ရန် ဥရောပကော်မရှင်က ဥရောပ သမဂ္ဂအား ဇန်နဝါရီ ၁၉ ရက်တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။

အသက် ၈၀ ကျော်အရွယ်ရှိသည့် နိုင်ငံသားများ၏ ၈၀ ရာခိုင်နှုန်းအပါအဝင် ကျန်းမာရေးနှင့် စေတနာ့ဝန်ထမ်းများ၏ အနည်းဆုံး ၈၀ ရာခိုင်နှုန်းကို မတ်လမကုန်မီ ကာကွယ်ဆေးထိုးနှံပေးသင့်ကြောင်း ဥရောပသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယခုနှစ် နွေရာသီမတိုင်မီ အရွယ်ရောက်ပြီးလူဦးရေ၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးသင့်ကြောင်း ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌ မာဂရစ်တစ်ချီနက်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဥရောပကော်မရှင်အနေဖြင့် ကာကွယ်ဆေး ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရန်နှင့် ထောက်ပံ့မှုများကို အရှိန်မြှင့်လုပ်ဆောင်ရန်အတွက် ကာကွယ်ဆေးထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ဥရောပကော်မရှင်သည် Pfizer နှင့် BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို စုစုပေါင်း အလုံးရေ သန်း ၇၆၀ ဝယ်ယူထားပြီးဖြစ်ကြောင်းနှင့် အဆိုပါကာကွယ်ဆေးပမာဏသည် ဥရောပသမဂ္ဂလူဦးရေ၏ ၈၀ ရာခိုင်နှုန်း သို့မဟုတ် လူဦးရေ သန်း ၃၈၀ ကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး လုံလောက်မှုရှိမည်ဖြစ်ကြောင်း ဥရောပကော်မရှင် ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ပြောကြားခဲ့သည်။ ဥရောပအဖွဲ့ဝင်နိုင်ငံများ၌ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများ စတင်ခဲ့ကြောင်းလည်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**



## ဂျပန်အစိုးရက Pfizer ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၄၄ သန်းဝယ်ယူ

**တိုကျို ဇန်နဝါရီ ၂၀**

ဂျပန်အစိုးရက ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၄၄ သန်း ဝယ်ယူရန် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ယနေ့သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ယခုနှစ်အတွင်း ပြည်သူ ၇၂ သန်းအား Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးရန် စီစဉ်ထားကြောင်းနှင့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၁၄၄ သန်း ဝယ်ယူခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး တာမူရာ နိုရီဟီဆာက မီဒီယာအား ပြောကြားခဲ့သည်။

Pfizer ဆေးဝါးကုမ္ပဏီက ဂျပန်နိုင်ငံအတွင်း အသုံးပြုခွင့်ရရှိရန် လွန်ခဲ့သောလအတွင်း လျှောက်ထားခဲ့ပြီး ဂျပန်ကျန်းမာရေး အာဏာပိုင်များက နိုင်ငံအတွင်းသုံးစွဲရန် ယနေ့အတည်ပြုခဲ့သည်။

ဂျပန်အစိုးရနှင့် Pfizer ဆေးဝါးကုမ္ပဏီတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်အရ ဖွန်လနှောင်းပိုင်းတွင် Pfizer ဆေးဝါးကုမ္ပဏီက ကာကွယ်ဆေး သန်း ၁၂၀ ကို ဂျပန်နိုင်ငံသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်ဝက်အတွင်း ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်ထားသည့်အတွက် ယခုသတ်မှတ်ထားသည့် အရေအတွက်ထက် ကာကွယ်ဆေးများ ပိုမိုပေးပို့ရန် ဂျပန်အစိုးရက Pfizer ဆေးဝါးကုမ္ပဏီအား တောင်းဆိုခဲ့သည်။

Pfizer ကာကွယ်ဆေးကို အသက် ၁၆ နှစ်နှင့်အထက် ပြည်သူများကိုသာ ထိုးနှံပေးရန် အစိုးရက စီစဉ်ထားကြောင်း ကျန်းမာရေးဝန်ကြီး တာမူရာ နိုရီဟီဆာက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၉၆၇၂၇၅၉၆ ဦး

သေဆုံးသူ
၂၀၆၈၃၀၃ ဦး

ပြန်လည်ကျန်းမာလာသူ
၆၉၄၂၅၆၆၈ ဦး

## ကိုဗစ်-၁၉ ရောဂါကင်းစင်ကြောင်း လက်မှတ်အတုဖြင့် ခရိုအေးရှားနိုင်ငံသို့ ဝင်ရောက်သည့် ခရီးသွားများကို ရဲတပ်ဖွဲ့ ထိန်းသိမ်းထား

**ဇာဂရက် ဇန်နဝါရီ ၂၀**

ပြီးခဲ့သည့် ရက်သတ္တတစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းစင်ကြောင်း ဆေးလက်မှတ်အတုဖြင့် ဘော့စနီးယားနိုင်ငံမှ ခရိုအေးရှားနိုင်ငံသို့ ဝင်ရောက်လာသူ ၄၅ ဦးရှိခဲ့ပြီး ၎င်းတို့ကို ခရိုအေးရှား ရဲတပ်ဖွဲ့က ခေတ္တထိန်းသိမ်းထားကြောင်း သိရသည်။

၎င်းတို့အနေဖြင့် ပြစ်မှုထင်ရှားပါက ထောင်ဒဏ်သုံးနှစ်အထိ အများဆုံး ချမှတ်နိုင်ကြောင်း ခရိုအေးရှားရဲတပ်ဖွဲ့က ပြောသည်။ ခရိုအေးရှားနိုင်ငံ၏ ခရီးသွားလာခွင့်ကန့်သတ်မှုတွင် ကိုဗစ်-၁၉ ရောဂါ ကင်းစင်ကြောင်း ဆေးလက်မှတ်ပြသနိုင်ပါက အိမ်နီးချင်းနိုင်ငံသားများအား ခရိုအေးရှားနိုင်ငံတွင်းသို့ ဝင်ရောက်ရန် ခွင့်ပြုထားသည်။ သို့ရာတွင် ခရီးသည်များက ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ အမှန်တကယ်စစ်ဆေးမှု ခံယူခြင်းမရှိဘဲ လက်မှတ်အတုများပြကာ ခရိုအေးရှားနိုင်ငံသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်။ လက်မှတ်အတုများကိုင်ဆောင်ပြီး ဝင်ရောက်လာသူဦးရေသည် ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်များတွင် အများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

ဘော့စနီးယားနှင့် ခရိုအေးရှားနယ်စပ်တစ်လျှောက်တွင် စစ်ဆေးရေးဂိတ် ရှစ်ခုရှိပြီး လက်မှတ်အတုဖြင့် ဝင်ရောက်လာသူများကို ဘရော့-ဘိုစာဗီးနားခရိုင်တွင် ရဲတပ်ဖွဲ့က စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ "လက်မှတ်အတုဆိုတာ အရင်က စစ်ဆေးထားပြီးတဲ့သူတွေရဲ့ ဆေးလက်မှတ်ကို ပြန်ထုတ်ပြီး အပေါ်ကနေ နာမည်ပြန်ကပ်၊ မွေးသက္ကရာဇ်




ပြန်ပြောင်းပြီး ဆောင်ရွက်တာမျိုးပါ။ ဒါမျိုးက ပြစ်မှုမြောက်ပါတယ်။ ခွင့်ပြုပေးလို့မရပါဘူး" ဟု ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်- မေလဲ့သင်း**

# ရမည်းသင်းမြို့နယ်၌ ဆိုင်ကယ် ၁၆ စီး ခိုးယူသူသုံးဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရမည်းသင်းမြို့နယ် ရမည်းသင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၉ ရက်က မှုခင်းဖော်ထုတ်ချက်အရ ဆိုင်ကယ် ၁၆ စီး ခိုးယူသူသုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရမည်းသင်းမြို့မရဲစခန်းက (ပ)၁၄/၂၀၂၁၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉/ကျင့် ၅၄ အမှုမှ တရားခံ ပေါက်ကျိုင်း(ခ)ပေါက်ကြီး၊ ဖိုးလပြည့်(ခ)အကြီးကောင်နှင့် နိုင်နိုင်(ခ)ငဘော့တို့ သုံးဦးအား ရမည်းသင်းမြို့မရဲစခန်းမှ ဒုရဲအုပ် အောင်လင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များက စစ်ဆေးရာ ၎င်းတို့သုံးဦးသည် ဇန်နဝါရီလအတွင်း ရမည်းသင်းမြို့နယ်နှင့် အခြားနီးစပ်ရာ မြို့နယ်များမှ ဆိုင်ကယ် ၁၆ စီးအား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းပြီး ၎င်းတို့သုံးဦးအား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၇၆ စီး၊ သွင်းကုန် ၃၄၁စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၄၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀.၀၀၀ သန်းတန်ဖိုးရှိ) တရားဝင်အထောက်အထားမရှိသည့် အကောက်ခွန်မဲ့ ၁၂ ဘီးယာဉ်နှစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်






ပြစ်မှုကျူးလွန်သူ ကိုကိုအောင်၊ အောင်နိုင်ဦး၊ အောင်နိုင်တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ပြစ်မှုများကျူးလွန်ကာ ထွက်ပြေးတိမ်းရှောင်နေသူများအား ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်း ပြစ်မှုများကျူးလွန်ကာ ထွက်ပြေးတိမ်းရှောင်နေပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း ခြေချုပ်နှင့် ခံဝန်ဥပဒေအရ အရေးယူ ခြေချုပ်အမိန့်ချမှတ်ခံထားရသူ အောင်နိုင်(ခ) စန်းဦးပါ သုံးဦးအား ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲခန့်က သဃ်န်းကျွန်းမြို့ နယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် ဖမ်းဆီးရမိသည်။

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(ဂ)ရပ်ကွက် ဘောဂလမ်း၌ နေထိုင်သူ အောင်နိုင်ဦး၏နေအိမ်၌ မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲရန် ရောက်ရှိနေကြောင်း သတင်းအရ သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေစစ်ဆေးရာ နေအိမ်အရှေ့ခန်းအတွင်း၌ အောင်နိုင်ဦး (ခ) ဂျာဖဲလ်၊ အောင်နိုင်(ခ)စန်းဦး၊ ကိုကိုအောင်(ခ) ကိုအောင်ကို သုံးဦးတို့အား စိတ်ကြွရူးသွပ်ဆေးပြားသုံးပြား (အလေးချိန် သုည ဒသမ ၃ ဂရမ်ခန့်)နှင့် မူးယစ် ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိ၍ ၎င်းတို့သုံးဦးအား သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အင်ကြင်း

# ကျောက်တံခါးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**ကျောက်တံခါး ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၀၂/၇)နှင့် (၈) အကြား ရင်းတိုက်ကုန်းကျေးရွာအုပ်စု ခင်တိုကျေးရွာအနီး၌ ယနေ့ နံနက် ၄ နာရီခွဲခန့်က ၂၂ ဘီးတွဲယာဉ်နှင့် ဆိုင်ကယ်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူနှင့် ဆိုင်ကယ်ပေါ်ပါလာသူတို့ နေရာတွင် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ သက်လွင်မျိုး မောင်းနှင်ပြီးနောက်တွင် တင်ဇော်ဦး စီးနင်းလိုက်ပါလာသော ဆိုင်ကယ်အား မန္တလေးမှ ရန်ကုန်သို့ အောင်မျိုးဝင်း မောင်းနှင်လာသော ဘိလပ်မြေအိတ်များတင်ဆောင်လာသည့် ၂၂ ဘီးတွဲယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ဝင်ရောက်တိုက်မိရာ ဆိုင်ကယ်မောင်းသူ သက်လွင်မျိုးနှင့် နောက်မှလိုက်ပါလာသူ တင်ဇော်ဦးတို့မှာအခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

**စစ်ဆေးဆောင်ရွက်**

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့မရဲစခန်းက ယာဉ်မောင်းအောင်မျိုးဝင်းအား အမှုဖွင့်ဖမ်းဆီးကာ ဒုရဲအုပ် ခိုင်နွေဦးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

# ဆောမြို့နယ်၌ လေပြင်းတိုက်ခတ်ရာမှ သစ်ကိုင်းပိ၍ အမျိုးသမီးတစ်ဦး သေဆုံး

**ဆော ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ဆီမီးကျေးရွာအုပ်စု သိန်းကျင်းကျေးရွာ၌ ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်ရာ သစ်ကိုင်းကြိုးကျ ပိမိသဖြင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ ဆောမြို့နယ် ဆီမီးကျေးရွာအုပ်စု သိန်းကျင်းကျေးရွာနေသူ မခင်ဝေလင်းဖြစ်ပြီး ၎င်းသည် လေပြင်းတိုက်ခတ်စဉ် ကြက်သွန်စိုက်ခင်းသို့သွားရာ လက်ပံပင်ခြောက်မှ ကြိုးကျသည့်သစ်ကိုင်း ထိမှန်ပိကျသဖြင့် ဒဏ်ရာများရရှိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် စပ်လျဉ်း၍ လောင်းရှည်ရဲတပ်ဖွဲ့စခန်းက သေမှုသေခင်းဖွင့် ဆောင်ရွက်ထားကြောင်း၊ ယနေ့တွင် ဂန့်ဂေါခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ငွေကျပ် သုံးသိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စိန်ကျော်

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် မံစီမြို့နယ် ဟန်ထက် - မိုင်းခေါင်ကျေးရွာသွားလမ်း ဟန်ထက်ကျေးရွာအနီး၌ ဇော်မင်းထွန်း(ခ)အိငယ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၃၂၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် မျောက်ဖြူကျေးရွာနေ မနှင်းခိုင်(ခ) နှင်းနှင်းခိုင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၉၆ ပြား ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီတွင် ဖားကန့်မြို့နယ် မော်ဆီဇာကျေးရွာအနီးတွင် ဇော်ယော်အား စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၊ မော်တော်ဆိုင်ကယ်တစ်စီးကို လည်းကောင်း။

ထို့ပြင် ယင်းနေ့ နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စု နမီကျေးရွာအနီးရှိ လှသိန်း(ခ)အိုက်သိန်း၏ လယ်တဲသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈၂ ပြားကိုလည်းကောင်း၊ ထို့အတူ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာရှိ စားသောက်ဆိုင်ရှေ့တွင် လော်ပေါ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၄၉ ဒသမ ၇၄၆၇ တန်၊ သစ်မာ ၈၀ ဒသမ ၉၅၇၁ တန်၊ အခြား ၄၀၆ ဒသမ ၈၆၅၁ တန် စုစုပေါင်း ၆၃၇ ဒသမ ၅၆၈၉ တန်၊ ပြစ်မှုကျူးလွန်သူ ၅၉ ဦး၊ ယာဉ်/ယန္တရား ၂၆ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၀-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၁၉-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၅,၂၄၃) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၁၉-၁-၂၀) အထိ | (၆-၁-၂၀၂၁) ရက်နေ့မှ (၁၉-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၆-၀၁-၂၁ | ၇-၀၁-၂၁ | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ | ၁၄-၀၁-၂၁ | ၁၅-၀၁-၂၁ | ၁၆-၀၁-၂၁ | ၁၇-၀၁-၂၁ | ၁၈-၀၁-၂၁ | ၁၉-၀၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | မရမ်းကုန်း | ၃၈၆၇ | ၇ | ၁၅ | ၇ | ၃ | ၁၃ | ၉ | ၁၁ | ၂ | ၅ | ၁၀ | ၁၄ | ၅ | ၂ | ၇ |
| ၂ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၃၃၄ | ၇ | ၉ | ၁၁ | ၅ | ၁၅ | ၁၀ | ၆ | ၇ | ၁၅ | ၃ | ၁၃ | ၁ | ၂ | ၇ |
| ၃ | မင်္ဂလာဒုံ | ၆၀၄၁ | ၁၀ | ၂၂ | ၁၈ | ၆ | ၂၅ | ၁၄ | ၁၃ | ၁၂ | ၈ | ၆ | ၃ | ၅ | ၅ | ၆ |
| ၄ | [illegible] | ၂၁၅၉ | ၁၁ | ၇ | ၂၀ | ၃ | ၁၀ | ၁၁ | ၇ | ၃ | ၅ | ၇ | ၃၃ | ၆ | ၀ | ၆ |
| ၅ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၀၆၅ | ၁၁ | ၄ | ၃ | ၃၄ | ၆၁ | ၁၄ | ၅ | ၁၅ | ၆ | ၂ | ၄ | ၉ | ၀ | ၆ |
| ၆ | [illegible] | ၁၂၉၅ | ၁၀ | ၄ | ၁ | ၂ | ၂ | ၃ | ၃ | ၄ | ၀ | ၁ | ၇ | ၂ | ၃ | ၆ |
| ၇ | တောင်ဥက္ကလာပ | ၂၉၃၃ | ၅ | ၃ | ၁၀ | ၁၁ | ၃ | ၁ | ၆ | ၁၀ | ၇ | ၃ | ၁၃ | ၈ | ၃ | ၅ |
| ၈ | မြောက်ဥက္ကလာပ | ၅၈၄၄ | ၁၅ | ၇ | ၁၈ | ၉ | ၁၂ | ၈ | ၁၄ | ၆ | ၁၂ | ၅ | ၁၃ | ၂ | ၁ | ၄ |
| ၉ | လှိုင်သာယာ | ၄၈၁၅ | ၈ | ၁၅ | ၇ | ၉ | ၄ | ၅ | ၉ | ၇ | ၄ | ၉ | ၃ | ၃ | ၁ | ၄ |
| ၁၀ | သင်္ဃန်းကျွန်း | ၄၄၅၃ | ၇ | ၂၀ | ၁၂ | ၁၇ | ၇ | ၁၃ | ၁၆ | ၆ | ၁၁ | ၃ | ၄ | ၆ | ၈ | ၄ |
| ၁၁ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၀၉၉ | ၁၀ | ၁၇ | ၂ | ၇ | ၃ | ၃ | ၅ | ၃ | ၁၁ | ၃ | ၃ | ၄ | ၁၃ | ၄ |
| ၁၂ | [illegible] | ၃၈၀၃ | ၅ | ၉ | ၃ | ၆ | ၆ | ၁ | ၃ | ၆ | ၃ | ၄ | ၃ | ၀ | ၁ | ၃ |
| ၁၃ | ရန်ကင်း | ၁၃၀၅ | ၈ | ၇ | ၄ | ၆ | ၄ | ၄ | ၅ | ၇ | ၄ | ၃ | ၀ | ၆ | ၁ | ၃ |

စာမျက်နှာ ၁၇ သို့ ❖



## ခမောက်ကြီးဒေသထွက်ရော်ဘာများ အထွက်နှုန်းကောင်းပြီး ဈေးကောင်းလည်းရရှိ

**ခမောက်ကြီး ဇန်နဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နှင့် ဒေသအနီးတစ်ဝိုက်တွင် ဥယျာဉ်ခြံလုပ်ငန်းများနှင့်အတူ ရော်ဘာခြံလုပ်ငန်းများလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ကိုဗစ်-၁၉ရောဂါကာလဖြစ်သော်လည်း ယခုနှစ်ရာသီဥတုအခြေအနေအရ ရော်ဘာအထွက်နှုန်းကောင်းမွန်သဖြင့် မိသားစုအလိုက် ရော်ဘာအစေးများခြစ်ကြရာ ရော်ဘာအစေးခြစ်သမားများနှင့် ရော်ဘာခြံပိုင်ရှင်များ ဝင်ငွေတိုးလျက်ရှိကြောင်း ရော်ဘာခြံလုပ်သား ကိုထွန်းနောင်ထံမှ သိရသည်။

ခမောက်ကြီးမြို့ စူပါဝမ်းဆီအုန်းကုမ္ပဏီ အနီးတစ်ဝိုက်ရှိ ရော်ဘာခြံများအနက် ဧက ၄၀ ခန့်ရှိ ရော်ဘာခြံမှ တစ်နေ့လျှင် အပင်ပေါင်း ၃၀၀၀ ခန့်အား ရော်ဘာစေးများခြစ်ယူရာ ရော်ဘာပြားကီလို၁၀၀ခန့်ထွက်ရှိကြောင်း၊ ရော်ဘာပြားအထွက်ကောင်းသော်လည်း လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သဖြင့် အဆင်ပြေသင့်သလောက် မပြေကြောင်း၊ ယခင်ကတစ်ကီလိုလျှင် ထိုင်းဘတ် ၃၅ ဘတ်သာ ရရှိခဲ့ပြီး ယခုနှစ်တွင်တစ်ကီလိုလျှင် ၄၅ ဘတ်မှ ဘတ် ၅၀ ထိ ရရှိရာ မြန်မာကျပ်ငွေ ၅၀၀၀မှ ၂၀၀၀၀ထိ ဈေးကောင်းရရှိကြောင်း ရော်ဘာခြံပိုင်ရှင် ဒေါ်ဥမ္မာရွှေဒွေးက ပြောသည်။

**နန့်လေးလေး(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်၌ အင်းနယ်နိမိတ်သတ်မှတ်မြေပုံများ တိုင်းတာရရှိရေး လုပ်ငန်းများဆောင်ရွက်

**ပန်းတနော် ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် အင်းပေါင်း ၂၉၉ အင်းရှိသည့်အနက် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သုံးအင်း၊ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ခြောက်အင်း၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ခြောက်အင်းတို့၏ နယ်နိမိတ်များကို တိုင်းတာရန် လျာထားခဲ့သည်။

အဆိုပါ အင်းများကို ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် တစ်အင်း၊ ၂၀၁၉- ၂၀၂၀ ခုနှစ်တွင် ခုနစ်အင်းတို့၏ အင်းနယ်နိမိတ်သတ်မှတ်မြေပုံများ တိုင်းတာရရှိရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၂၀- ၂၀၂၁ ခုနှစ်တွင် တိုင်းတာရန် ခုနစ်အင်း ကျန်ရှိရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အင်းသားကြီးများက ၁၉၀၂ ခုနှစ် အင်းမြေပုံများနှင့် ယခုလက်ရှိ မြေပြင်အနေအထားတွင်ရှိနေသော အင်းနယ်နိမိတ် သတ်မှတ်မြေပုံများတိုင်းတာနိုင်ရေးအတွက် ဇန်နဝါရီ ၁၄ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးလှအောင်သိန်းထံမှ သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဝါသီးနှံ ၇၉၃၄၆ ဧက စိုက်ပျိုးထား

**မုံရွာ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဝါစိုက်ပျိုးရာသီ၌ ခရိုင် ငါးခုတွင် စက်မှုကုန်ကြမ်းသီးနှံမျိုးဖြစ်သော ဝါ ၇၉၃၄၆ ဧကကို စိုက်ပျိုးထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဝါစိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ မလှိုင်ဝါမျိုး ဧက ၁၄၆၀၀၊ မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၃၆၀၊ ဝါကြီးမျိုး ဧက ၅၀၀၀၊ မိုးချည်မျှင်ရှည်ဝါ ၂၁၆၇၄ ဧကနှင့် မိုးနှောင်းချည်မျှင်ရှည်ဝါ ၃၇၇၁၂ ဧကတို့ကို စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

“ဝါသီးနှံစိုက်ပျိုးရာမှာ ဒီကနေ့ ကြုံတွေ့နေရတဲ့ ရာသီဥတုဖောက်ပြန်မှု၊ ရောဂါပိုးမွှားကျရောက်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ဖို့နဲ့ ဝါသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနဲ့ ဈေးကွက်မတည်ငြိမ်မှုကို ဖြေရှင်းအသိပညာပေးတာတွေကို စိုက်ခင်းတွေအရောက်သွားပြီး လုပ်ဆောင်ပေးတယ်။ စံပြစိုက်ခင်းတွေ တည်ထောင်စိုက်ပျိုးပြီးလည်း အသိပညာပေးတာတွေ လုပ်ဆောင်ပေးနေပါတယ်”ဟု တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝါသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာခရိုင်အတွင်း ၃၀၉၄၉ ဧက၊ ယင်းမာပင်ခရိုင်အတွင်း ဧက ၈၆၇၀၊ ရွှေဘိုခရိုင်အတွင်း ၁၄၁ ဧက၊ စစ်ကိုင်းခရိုင်အတွင်း ၃၉၅၅၇ ဧကနှင့် ကန့်ဘလူခရိုင်အတွင်း ၂၉ ဧကဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



## တာလေမြို့မှ တောင်သူများ ဖရဲသီးဈေးကောင်းရရန် မျှော်လင့်

**တာလေ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့ မိုင်းလင်း(အရှေ့) ကျေးရွာအုပ်စု တာလေ-ကျိုင်းလပ်သွား လမ်းဘေးဝဲ/ယာရှိ ဝိန်းလန်း-လန့်တောင်းကျေးရွာတို့တွင် စိုက်ပျိုးသည့် ဆောင်းသီးနှံ ရာသီစာဖရဲခင်းများ ယခုနှစ်တွင် အောင်မြင် ဖြစ်ထွန်းမှု အားနည်းနေပြီး ယခုအခါ ဇန်နဝါရီလကုန်ပိုင်းတွင် ဖရဲသီးများ စတင်ထွက်ရှိတော့မည်ဖြစ်ကာ ဈေးကွက်တွင် ဈေးကောင်းရရှိရန် မျှော်လင့်နေကြောင်း တစ်ပိုင်တစ်နိုင် ဖရဲစိုက်ပျိုးသူတောင်သူများထံမှ သိရသည်။

“အရင်နှစ်က မိုးကောင်းခဲ့ပြီး ရာသီဥတုကောင်းမွန်မှုကြောင့် စိုက်ခင်းတွေ ဖြစ်ထွန်းမှုအားကောင်းခဲ့သလို ဖရဲသီးများလည်း အောင်မြင်ဖြစ်ထွန်းခဲ့ပါတယ်။ မိုးစပါးရိတ်သိမ်းချိန်အပြီး လယ်ကွက်ထဲမှာ ဘောင်စနစ်နဲ့ ရေလောင်းစိုက်ပျိုးရပါတယ်။ စိုက်ပျိုးပြီး အသီးပေါ်ချိန်အထိ ရက်ပေါင်း ၁၀၀ အချိန်ယူရပါတယ်။ စိုက်ပျိုးစရိတ် ရင်းနှီးငွေကတော့ တစ်ဧကထိုင်းဘတ်ငွေ ၈၀၀၀ ရှိပြီး အမြတ်ငွေက ဘတ်ငွေ ၃၀၀၀၀ အထိရရှိခဲ့ပါတယ်။ မနှစ်က ဖရဲစိုက်တောင်သူတွေ ရာသီဥတုကောင်းပြီးမိုးလည်းကောင်းတော့ အပင်တွေအတော် အောင်မြင်ပြီး အသီးတွေလည်း အောင်မြင်ဖြစ်ထွန်းပါတယ်။ ဈေးကောင်းလည်း ရောင်းချရလို့ ဖရဲစိုက်တောင်သူတွေ ဝင်ငွေရရှိပြီး အဆင်ပြေကြပါတယ်။ ဒီနှစ်က ရာသီဥတုမကောင်းဘူး။ မိုးလည်းမကောင်း စိုက်ခင်းအတွင်း အပင်တွေကို ပိုးမွှားကျရောက်ခြင်းများလည်းရှိခဲ့လို့ အပင်တွေ ဖြစ်ထွန်းမှု အားနည်းတယ်၊ အသီးတွေ အောင်မြင်ဖြစ်ထွန်းမှုလည်း နည်းပါတယ်။ ဇန်နဝါရီလကုန်ပိုင်း အသီးတွေ ထွက်ချိန်မှာ ဈေးကောင်းရဖို့ မျှော်လင့်ပါတယ် ”ဟု လန့်တောင်းကျေးရွာမှ ဖရဲစိုက်တောင်သူ ဦးစိုင်းမောင်က ပြောသည်။



တာလေမြို့အတွင်း ထွက်ရှိသည့် ဖရဲသီးများကို ယခင်နှစ်များက တာချီလိတ်-မိုင်းဖြတ်မြို့များသို့ တင်ပို့ရောင်းချကြပြီး ယခုနှစ်တွင် ဖရဲသီး အောင်မြင်ဖြစ်ထွန်းမှု အားနည်းသဖြင့် ဒေသတွင်းစားသုံးသူများကိုသာ အဓိကထားရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တာလေမြို့တွင် ဆောင်းသီးနှံအဖြစ် ဖရဲသီးများအပြင် ပဲတီစိမ်း၊ ပဲပုပ်၊ ကုလားပဲ၊ မြေပဲ၊ ပြောင်းစသည့် သီးနှံမျိုးစုံနှင့် နွေစပါးတို့ကို စိုက်ပျိုးကြကြောင်း တောင်သူများထံမှသိရသည်။

**အောင်ကျော်မိုး (ပြန်/ဆက်)**

## ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နှမ်းအထွက်နှုန်းကောင်းသော်လည်း ဈေးနှုန်းကျဆင်းနေ

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၂၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကျေးလက်နေပြည်သူများ အနေဖြင့် နှစ်ရှည်ပင်သီးနှံပင်များနှင့် ရာသီအလိုက် သီးနှံပင်များကို အဓိကထားပြီး စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ မိုးနှမ်းနှင့် ဆောင်းနှမ်းကို စုစုပေါင်းဧက ၁၈၀၀၀ ကျော်ခန့် စိုက်ပျိုး လုပ်ကိုင်လျက်ရှိကြောင်း၊ မိုးရာသီတွင် မိုးနှမ်းတောင်ယာနှမ်းကို စိုက်ပျိုးပြီး ဆောင်းရာသီတွင် လယ်ယာမြေများ၌ ဆောင်းနှမ်းကို စနစ်တကျစိုက်ပျိုး လုပ်ကိုင်လာကြရာ အောင်မြင်ဖြစ်ထွန်းကာ ယခုနှစ်တွင် အထွက်နှုန်းမှာလည်း တိုးတက်ကောင်းမွန်လျက်ရှိသော်လည်း နှမ်းဈေးနှုန်းမှာ ကျဆင်းလျက်ရှိကြောင်း သိရသည်။



ယခင်နှစ်များတွင် နှမ်းဈေးနှုန်းမှာ တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀ ရရှိပြီး ယခုနှစ်တွင် နှမ်းတစ်တင်းလျှင် ငွေကျပ်၅၀၀၀၀ ဝန်းကျင်သာ ရရှိခြင်းကြောင့် နှမ်းစိုက်တောင်သူအချို့မှာ ရောင်းချခြင်းမပြုသေးဘဲ ဈေးကောင်းပြန်လည်ရရှိရန် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်းမှ ထွက်ရှိသည့်နှမ်းများကို တောင်သူများမှ မြို့ပေါ်ရှိအဝယ်ဒိုင်များသို့လာရောက်ရောင်းချလျက်ရှိပြီး ယင်းအဝယ်ဒိုင်များက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အဝယ်ဒိုင်များသို့ ပြန်လည်ရောင်းချကြကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၄၈၀၉၈၄၁ | ၁၄၇၈၆၈၈၆ | ၄၁၁၅၂၀ |
| ၂။ | အိန္ဒိယ | ၁၀၅၉၆၄၄၂ | ၁၀၂၄၅၇၄၁ | ၁၅၂၇၅၄ |
| ၃။ | ဘရာဇီး | ၈၅၇၅၇၄၂ | ၇၅၁၈၈၄၆ | ၂၁၁၅၁၁ |
| ၄။ | ရုရှား | ၃၆၃၃၉၅၂ | ၃၀၂၇၃၁၆ | ၆၇၂၂၀ |
| ၅။ | ဗြိတိန် | ၃၄၆၆၈၄၉ | ၁၅၅၈၅၀၃ | ၉၁၄၇၀ |
| ၆။ | ပြင်သစ် | ၂၉၃၈၃၃၃ | ၂၁၁၈၁၆ | ၇၁၃၄၂ |
| ၇။ | အီတလီ | ၂၄၀၀၅၉၈ | ၁၇၈၁၉၁၇ | ၈၃၁၅၇ |
| ၈။ | တူရကီ | ၂၃၉၉၇၈၁ | ၂၂၇၇၉၈၇ | ၂၄၃၂၈ |
| ၉။ | စပိန် | ၂၃၇၀၇၄၂ | စိစစ်ဆဲ | ၅၄၁၇၃ |
| ၁၀။ | ဂျာမနီ | ၂၀၇၁၄၇၃ | ၁၇၄၁၈၀၀ | ၄၉၂၄၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၉၃၉၉၄၈ | ၇၆၃၇၀၃ | ၂၆၈၅၇ |
| ၂။ | ဖိလစ်ပိုင် | ၅၀၅၉၃၉ | ၄၆၆၉၉၃ | ၁၀၀၄၂ |
| ၃။ | မလေးရှား | ၁၆၉၃၇၉ | ၁၂၇၆၆၂ | ၆၃၀ |
| ၄။ | မြန်မာ | ၁၃၅၇၂၁ | ၁၁၉၃၁၄ | ၂၉၉၇ |
| ၅။ | စင်ကာပူ | ၅၉၁၉၇ | ၅၈၈၉၄ | ၂၉ |
| ၆။ | ထိုင်း | ၁၂၆၅၃ | ၉၆၂၁ | ၇၁ |
| ၇။ | ဗီယက်နမ် | ၁၅၄၄ | ၁၄၀၆ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၄၈ | ၃၉၂ | ၀ |
| ၉။ | ဘရူနိုင်း | ၁၇၄ | ၁၆၉ | ၃ |
| ၁၀။ | လာအို | ၄၁ | ၄၁ | ၀ |

COVID-19
ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့
လူထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။



#LETSBEATCOVIDTOGETHER

# မန္တလေးကုန်စည်ဒိုင် ဇန်နဝါရီ ၂၁ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၀

မန္တလေးကုန်စည်ဒိုင်အား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိမှုကြောင့် ဇန်နဝါရီ ၂၁ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

### ဖွင့်လှစ်ခွင့်ရရှိ

ယာယီပိတ်ထားသည့် မန္တလေးကုန်စည်ဒိုင်ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းက တင်ပြမှုများ ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးလမ်းညွှန်မှုများ ပြုလုပ်ပြီး မန္တလေးခရိုင် ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ခွင့်ပြုချက်ဖြင့် ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ခွင့်ရရှိသဖြင့် ဇန်နဝါရီ ၂၁ ရက်တွင် မန္တလေးကုန်စည်ဒိုင်ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း အထွေထွေအတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောသည်။

ကုန်စည်ဒိုင်ပြန်လည်ဖွင့်လှစ်ရောင်းဝယ်ရာတွင် အသင်းသူအသင်းသားနှင့် ကိုယ်စားလှယ်များသည် အသင်းတိုက်အတွင်း ဝင်ရောက်ပါက ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးခြင်း၊ လက်အိတ်ဝတ်ဆင်ခြင်း၊ နှာခေါင်းစည်း၊ မျက်နှာကာဝတ်ဆင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ရာတွင် တစ်ဦးနှင့်တစ်ဦးသတ်မှတ်ထားသည့် အကွာအဝေးမှရောင်းဝယ်ခြင်း စသည့်စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်သည်။ ထို့ပြင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကိုမပြုလုပ်ရန် တားမြစ်ထားသည်။ လိုက်နာမှုမရှိပါက သတိပေးခြင်း၊ ဝင်/ထွက်ခွင့်ပိတ်ခြင်းတို့ကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးကုန်စည်ဒိုင်ကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလက ဒုတိယအကြိမ် ယာယီပိတ်ထားခဲ့ရာ လေးလကြာမြင့်ခဲ့သည်။ ကုန်စည်ဒိုင်ပြန်လည်ဖွင့်လှစ်ခွင့်ရသည့်အတွက် ယခုအခါ သီးနှံပေါ်ချိန်ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များက တစ်နေရာတည်းတွင် ဈေးနှုန်းမှန်ကန်စွာရောင်းဝယ်မှုပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အောင်သူရ



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ နယ်စပ်ဒေသ၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးဝယ်ယူနိုင်ရေးအတွက် မူဆယ်စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ဒါရိုက်တာ ဦးဟန်ဝင်းနှင့် ဦးအောင်ရင်တို့က ငွေကျပ် ၆၆၂ သိန်းကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရယူစဉ်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)



ကြေးမုံ
ဇန်နဝါရီ ၂၁၊ ၂၀၂၁

## ကျိုင်းတုံမြို့၌ ယာဉ်ကြောပိတ်ဆို့မှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး မြို့ရှောင်လမ်းဖောက်လုပ်

**ကျိုင်းတုံ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်မတော်တဆမှုများလျော့နည်းစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေးအတွက် ကတ္တရာကွန်ကရစ်မြို့ရှောင်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျိုင်းတုံ ခရိုင်လမ်းဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် စုစုပေါင်း ၁၅၂၀၃ ဒသမ ၆၁၇ သန်းဖြင့် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ကျိုင်းတုံမြို့ရှောင်လမ်းကို တောင်ကြီးဘက်မှအဝင် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျန်းမာရေး စစ်ဆေးရေးဂိတ်အနီး (၆၂၈ ဒသမ ၀၂ km)မိုင်တိုင်အမှတ်မှ စတင်ကာ နောင်နွန်းပူးပေါင်းဂိတ်အနီး (၆၃၉ km)မိုင်တိုင်အမှတ်အထိ ယခင်စီမံကိန်းမဆောင်ရွက်ဖြစ်ခဲ့သော မိုးနဲ-ကျိုင်းတုံမီးရထားလမ်းစီမံကိန်း မြေနေရာတွင် လမ်းအကျယ် ၇ မီတာ၊ အရှည် ၁၀ ကီလိုမီတာကို၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြေသားလမ်းဖောက်လုပ်ခြင်း၊ တံတားလုပ်ငန်းနှင့် အခြားလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှု ၁၇ ရာခိုင်နှုန်း ပြီးစီးနေပြီးလာမည့် ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်ကုန်တွင် အမာခံလမ်းအဆင့်အနေဖြင့် စတင်အသုံးပြုနိုင်မည်ဖြစ်ကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကတ္တရာကွန်ကရစ်မြို့ရှောင်လမ်းအား အပြီးဖောက်လုပ်သွားမည်ဖြစ်ကြောင်း ကျိုင်းတုံခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကောင်းဇံထံမှ သိရသည်။

ကျိုင်းတုံမြို့ရှောင်လမ်း မြေဧရိယာစုစုပေါင်း ၁၁၀ ဒသမ ၄၄၃ ဧကရှိပြီး မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် လမ်းဧရိယာတွင် ပါဝင်သွားသည့် ယန်းလောကျေးရွာအုပ်စု၊ မိုင်းဇင်းကျေးရွာအုပ်စုနှင့် ရပ်ကွက်(၁) တို့မှ မြေကေများအတွက် လျော်ကြေးနှင့် နစ်နာကြေး ၆၄၈ ဒသမ ၂၀၄ သန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေခွဲရရှိကာ သက်ဆိုင်ရာလယ်/စီအဖွဲ့အဆင့်ဆင့်၏ သတ်မှတ်ဈေးများအတိုင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရာနှုန်းပြည့်ပေးလျော်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့တွင်း ယာဉ်အစီးအရေ များပြားလာမှု၊ မြို့တွင်းလမ်းများ ကျဉ်းမြောင်းလာမှုတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆမှုများအား မြို့ရှောင်လမ်းဖောက်လုပ်ပြီးစီးပါက ဖြေလျှော့ပေးနိုင်မည်ဖြစ်ကာ ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်ယာဉ်များမြို့တွင်းသို့ ဖြတ်သန်းမောင်းစရာမလိုဘဲ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး ဒေသလူမှုစီးပွားရေးများ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ခရိုင်ပြန်/ဆက်)**





## လွိုင်ကော်မြို့နယ်ရှိ ဝမ်ငေါ့ရေတံခွန်နှင့် ထီးရိုးဆေးဝိဇ္ဇာတောင်တော်ကို ခရီးစဉ်ဒေသအသစ်အဖြစ် ဖော်ဆောင်မည်

**လွိုင်ကော် ဇန်နဝါရီ ၂၀**

လွိုင်ကော်မြို့နယ်ရှိ ဝမ်ငေါ့ရေတံခွန်နှင့် ထီးရိုးဆေးဝိဇ္ဇာတောင်တော်တို့ကို လည်ပတ်လေ့လာနိုင်မည့် ခရီးစဉ်ဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ကယားပြည်နယ် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးလင်းဇော်ထွဋ်က ပြောကြားသည်။

"သဘာဝရှုခင်းတွေလည်း လှပတယ်။ ထီးရိုးဆေးဝိဇ္ဇာတောင်မှာဆိုရင် လိုဏ်ဂူတစ်ခုလည်းရှိပါတယ်။ သဘာဝကျောက်စက်ပန်းဆွဲတွေလည်းရှိတော့ ကျွန်တော်တို့ကွင်းဆင်းကြည့်တဲ့အခါ နိုင်ငံခြားသားတွေလည်း အကြိုက်တွေ့မယ့် နေရာတစ်ခုဖြစ်ပါတယ်။ ဒီပေါ်ကနေကြည့်လိုက်လို့ရှိရင် လောပိတနဲ့ မဝေးတဲ့အတွက်ကြောင့် ခရီးစဉ်ဒေသတစ်ခုကို ဖော်ယူတဲ့အချိန်မှာ ခရီးစဉ်ဒေသတစ်ခုနဲ့တစ်ခု ဆက်စပ်ဖို့လိုပါတယ်။ အခုဆို ဒီဘက်ကိုလာလို့ရှိရင် လောပိတကိုလာတယ်၊ ပြီးရင်ပြန်သွားကြတယ်။ ဒါနဲ့တင် မနက်ပိုင်းတစ်ပိုင်း ပြီးသွားတယ်ပေါ့။ ကျွန်တော်တို့က ဘာပြောပြော ကယားပြည်နယ်ကိုလာတယ်ဆိုလို့ရှိရင် ရက်ကြာကြာနေဖို့ ရည်ရွယ်ချက်ပေါ့နော်။ ရက်ကြာကြာနေမှ ခရီးသည်တွေက များများသုံးမယ်။ ဒါဆိုရင် ပြည်နယ်အတွက် လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ လောပိတရေတံခွန်ကိုသွားပြီးတာနဲ့ ထီးရိုးဆေးဝိဇ္ဇာတောင်ဘက်ကိုဆက်လာမယ်ဆိုရင် နေ့တစ်ပိုင်းလောက်ကုန်သွားမယ်။ အေးအေးဆေးဆေးတစ်ရက်လောက်နေမယ် ဆိုရင်လည်း ဆရာတော်ကြီးမိန့်မှာတဲ့အတိုင်းပဲ ဒီပေါ်မှာ အဓိဋ္ဌာန်လည်းဝင်လို့ရတယ်။ ဒီပေါ်မှာ ဆရာတော်ကြီးပြောသလိုပဲ ထူးဆန်းတာတွေအများကြီးရှိပါတယ်" ဟု ဦးလင်းဇော်ထွဋ်က ပြောကြားသည်။

အဆိုပါ ခရီးစဉ် ဖော်ဆောင်နိုင်ရေးအတွက် ကယားပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ လွိုင်ကော်ခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေး ကော်မတီ (DMO) အဖွဲ့ဝင်များနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (ကယားဇုန်)တို့ ပူးပေါင်းပြီး ကွင်းဆင်းလေ့လာခဲ့ကြခြင်းဖြစ်သည်။

ကယားပြည်နယ်တွင် သဘာဝရှုခင်း နေရာအများအပြားရှိသဖြင့် ခရီးစဉ်ဒေသအသစ် ထပ်မံဖော်ထုတ်နိုင်ရေးအတွက် ကွင်းဆင်းလေ့လာကြခြင်းဖြစ်ကြောင်း၊ ခရီးစဉ်ဒေသအသစ် ဖော်ထုတ်မှုအောင်မြင်ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကုန်ထုတ်လမ်း ၅၁ လမ်းနှင့် ကုန်ထုတ်တံတား ၁၁၆ စင်း ဆောင်ရွက်မည်

**မုံရွာ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကုန်ထုတ်လမ်း ၅၁ လမ်းနှင့် ကုန်ထုတ်တံတား ၁၁၆ စင်း ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါမြို့နယ် ၃၂ မြို့နယ်၌ ကုန်ထုတ်လမ်းများ ဖောက်လုပ်ရာတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများမှာ မြေလမ်းတစ်လမ်း၊ အရှည် ၂ မိုင်၊ ဂျင်းလမ်း နှစ်လမ်း၊ အရှည် ၄ / ၁ ဒသမ ၄ မိုင်၊ မြေ+ ဂျင်းလမ်း ၄၁ လမ်း၊အရှည် ၅၈/ ၇ ဒသမ ၇၉ မိုင် စုစုပေါင်းကုန်ထုတ်လမ်း ၄၄ လမ်း၊ အရှည်အားဖြင့် ၆၅/ ၁ ဒသမ ၁၉ မိုင်တို့ကို ခန့်မှန်းကုန်ကျငွေ ၂၃၂၁ ဒသမ ၃၇ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အလားတူမြို့နယ် ငါးမြို့နယ်၌ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် မြေ+ ဂျင်း လမ်း ခုနစ်လမ်းကို အရှည် ၁၂/၇ မိုင်အတွက် ခန့်မှန်းကုန်ကျငွေ ၅၀၆ ဒသမ ၁၃ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

အလားတူ မြို့နယ် ၂၂ မြို့နယ်၌ ကုန်ထုတ်တံတားများဆောင်ရွက်ရာတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများမှာ တံတား ၃၆ စင်း(အတိုင်းအတာအားဖြင့် ၈၂၉ ပေ)၊ ရေကျော်တံတား ခုနစ်စင်း (အတိုင်းအတာအားဖြင့် ၂၇၄ ပေ)၊ ရေပြွန်တံတား ၅၂ စင်း (အတိုင်းအတာအားဖြင့် ပေ ၂၂၀)၊ အခြား (မြေထိန်းနံရံ) တစ်ခု (အတိုင်းအတာအားဖြင့် ပေ ၄၅၀) စုစုပေါင်း တံတား ၉၆ စင်း (အတိုင်းအတာအားဖြင့် ၁၇၇၃ ပေ)အတွက် ခန့်မှန်းကုန်ကျငွေ ၁၃၂၉ ဒသမ ၆၉ သန်းဖြင့်လည်းကောင်း၊ ထို့အတူ မြို့နယ် နှစ်မြို့နယ်၌ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တံတား ၁၀ စင်း (အတိုင်းအတာအားဖြင့် ၁၂၃ ပေ)၊ ရေပြွန် ၁၀ စင်း (အတိုင်းအတာအားဖြင့် ၁၅ ပေ) စုစုပေါင်း တံတားအစင်း၂၀ (အတိုင်းအတာအားဖြင့် ၁၃၈ ပေ) အတွက် ခန့်မှန်းကုန်ကျငွေ ၇၄ ဒသမ ၈၉ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

## ကျောက်ဖြူဒေသထွက် ဆားကြမ်းများကို ကုန်ချောပြုလုပ်၍ နိုင်ငံခြားဈေးကွက်ထိုးဖောက်ရောင်းချနိုင်ရန် စီစဉ်

**ကျောက်ဖြူ ဇန်နဝါရီ ၂၀**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ လေပွေ့ရပ်ကွက်ရှိ ကြံတိုင်းအောင်ဆားကြိတ်လုပ်ငန်းတွင် ဒေသထွက်ဆားကြမ်းများကို ဒိန်းမတ်နိုင်ငံအထောက်အပံ့ဖြစ်သည့် RBF Gram ဖြင့် ဝယ်ယူထားသည့် စက်ကြီးနှစ်လုံးဖြင့် ကုန်ချောပြုလုပ်ကာ ပြည်ပနိုင်ငံခြားဈေးကွက်များအထိ ထိုးဖောက်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဆားလုပ်ငန်းပိုင်ရှင်ထံမှ သိရသည်။

"ကျွန်တော်တို့က ဒီဆားလုပ်ငန်းကို လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကစတင်လုပ်ကိုင်ခဲ့တာပါ။ အရင်က ဒီဆားကြမ်းတွေကို ဂိုဒေါင်ကနေပြောင်းရွှေ့ဖို့ဆိုရင် လုပ်သားအင်အားလိုတယ်။ ခုတော့ ဒိန်းမတ်နိုင်ငံ အထောက်အပံ့နဲ့ ဝယ်ယူထားတဲ့ Screw type auto machine စက်နှစ်လုံး တပ်ဆင်ပြီးသွားပြီဖြစ်လို့ လုပ်အားသက်သာလာပြီး ဘေးအန္တရာယ်တွေလည်း ပိုလုံခြုံစေတယ်။ ဆားတွေကို အရင်မိရိုးဖလာအတိုင်း ပြုလုပ်တဲ့အခါ ဆားအရောင်အဖြူရောင်ရရှိဖို့အတွက် ရွှံ့ပါဝင်မှုနှုန်းလျှော့ချဖို့ ခက်ခဲပေမယ့် ခုဒီစက်ကို အသုံးပြုတဲ့အခါမှာတော့ ချွတ်ဆေး (သို့) ဓာတုပစ္စည်းမလိုဘဲ ဈေးကွက်ဝင်ဆားတွေရရှိပြီဖြစ်လို့ နိုင်ငံခြားဈေးကွက်ကို ထိုးဖောက်နိုင်မယ့်အလားအလာရှိပါတယ်။ ပြီးတော့ ဒီဆားတွေကိုပါကင်ထုပ်ပိုးတဲ့အခါမှာလည်း Auto filling Machine စက်တွေကိုအသုံးပြုပါတယ်၊ ထုတ်လုပ်မှုအနေနဲ့တော့ ခုလောလောဆယ် တစ်နေ့ကို ပိဿာ ၁၀၀ ကျော်စတင်ထုတ်လုပ်နေပါတယ်၊ အခုအခါ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)မှ အသိအမှတ်ပြုလက်မှတ်ရရှိရေးကို စီစဉ်ဆောင်ရွက်နေပါတယ်။ လက်မှတ်ရရှိပြီးရင်တော့ ပြည်ပနိုင်ငံခြားဈေးကွက်တွေအထိတင်ပို့ရောင်းချသွားပါမယ်"ဟု ကြံတိုင်းအောင် ဆားလုပ်ငန်းပိုင်ရှင် ဒေါ်မြတ်ငြိမ်းအေးက ပြောကြားသည်။

ကျောက်ဖြူမြို့တွင် ကြံတိုင်းအောင် ဆားလုပ်ငန်းမှ ထုတ်လုပ်သည့်ဆားများကို ကျောက်ဖြူဈေးကွက်များအပြင် မကွေး၊ မင်းဘူး၊ ပြည် စသည့်မြို့နယ်များသို့ တင်ပို့ဖြန့်ဖြူးလျက်ရှိပြီး ယင်းစက်မှာလည်း ရခိုင်ပြည်နယ်တွင် ပထမဆုံးသော ဆားကြိတ်စက်ရုံဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် မုဒုံမြို့နယ်ရှိသက်မွေးပညာသင်တန်းကျောင်း ဆောက်လုပ်မည့်မြေနေရာရှင်းလင်းမှု ကြည့်ရှုစစ်ဆေး



**မုဒုံ ဇန်နဝါရီ ၂၀**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းနှင့် ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မွန်ပြည်နယ် မုဒုံမြို့နယ်တွင် သက်မွေးပညာသင်တန်းကျောင်းဆောက်လုပ်မည့်မြေနေရာရှင်းလင်းနေမှု အခြေအနေကို ဇန်နဝါရီ ၁၉ ရက် ညနေပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ သင်တန်းကျောင်းကို မုဒုံမြို့နယ် မြို့မ(၄) ရပ်ကွက်၊ ဂျုံးဂျုံးကျတောရကျောင်းလမ်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းပိုင်မြေနေရာ ဧက ၃၀ တွင် စုန်ရေရှင်းနီးမြုပ်နှံမှုကုမ္ပဏီနှင့် ရာမညမေတ္တာဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ တာဝန်ယူဆောက်လုပ်မည့် စက်မှုသင်တန်းကျောင်းအတွက် မြေနေရာရှင်းလင်းနေမှု အခြေအနေတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့တို့က ကြည့်ရှုစစ်ဆေးခဲ့ရာ မြေနေရာတိုင်းတာ ရှင်းလင်းပြီးစီးမှု အခြေအနေများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို မုဒုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့်သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ပြီး လိုအပ်သည်များကို ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

## ပုဂံ-ညောင်ဦးဒေသသောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ပုဂံ ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေအခက်ကြုံတွေ့နေရသည့်ကျေးရွာများသို့ သောက်သုံးရေဂါလန် ၁၅၆၀၀ ကျော် ကို မြင့်မြတ်သူစေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ်ကူညီမှုအသင်းမှ ဇန်နဝါရီ ၁၉ ရက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်ပေါ်လာပါကရေအလှူရှင်များ၏ လှူဒါန်းငွေဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းလျက်ရှိရာ သောက်သုံးရေများအခက်ကြုံနေရသည့် ပုဂံ-ညောင်ဦးမြို့နယ်၊ ရွာလုကျေးရွာ၊ ချောင်းမီသာတဲတိုက်၊ ညောင်တိုတဲတိုက်၊ တာလန်းကန်တဲတိုက်နှင့် ပွင့်လင်းတဲတိုက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် ရေဂါလန် ၁၅၆၀၀ ကျော် သွားရောက်လှူဒါန်းပြီး အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်း ပုဂံ-ညောင်ဦးဒေသရှိ ကျေးလက်နေပြည်သူအများစုသည် နွေရာသီမတိုင်မီ ယခုဆောင်းရာသီကာလမှာပင် သောက်သုံးရေအခက်ကြုံနေရပြီဖြစ်ပြီး သောက်သုံးရေအလှူရှင်များနှင့် ပရဟိတအသင်းများကို အားထားနေကြရကြောင်း၊ သောက်သုံးရေများကို ပုဂံ-ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေ အခက်အခဲဖြစ်သည့် ကျေးရွာများမှ ချိတ်ဆက်အကူအညီတောင်းခံလာပါက ကျေးရွာများအရောက်ပေးပို့လှူဒါန်းပေးလျက်ရှိကြောင်း၊ သောက်သုံးရေလှူဒါန်းလိုသူများအနေဖြင့် မြင့်မြတ်သူ စေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ်ကူညီမှုအသင်း ၀၉-၄၀၂-၇၇၄-၃၉၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အဆိုပါ ပရဟိတအသင်းမှ သိရသည်။

**ဖေလိန်း(ပုဂံ)**

## ဟားခါးခရိုင်နှင့် ဖလမ်းခရိုင်ငါးလုပ်ငန်းကဏ္ဍဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**ဟားခါး ဇန်နဝါရီ ၂၀**

ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးဇော်လွင်ဝင်းသည် ယမန်နေ့က ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူးရုံးတွင် ပြည်နယ်ဦးစီးမှူးရုံး၊ ဖလမ်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးနှင့် ပြည်နယ်ငါးလုပ်ငန်းစခန်း(ရမ်ထရို)တို့က ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းလိုအပ်ချက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လိုက်နာဆောင်ရွက်ရန်အချက်များ အမုန်းစကားနှင့် လူမျိုးပြန်းမှုမရှိစေရေး ပညာပေးဗဟုသုတနှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်ရေး ဆွေးနွေးညှိနှိုင်းအစည်းအဝေးကို အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

❖ **ကျောဖုံးမှ**

ဒွေးကိုကိုချစ်ကို ခေါ်ယူရန် ဇန်နဝါရီ ၁၉ ရက်က သဘောတူညီမှုရရှိခဲ့သည်။ ဟံသာဝတီအသင်းသည် တိုက်စစ်နေရာအတွက် ကစားသမားအချို့နှင့် ဆွေးနွေးခဲ့သော်လည်း နောက်ဆုံးတွင် ရတနာပုံ၊ ရခိုင်နှင့် ရှမ်းယူနိုက်တက်အသင်းတို့၌ ကစားဖူးသည့် ဝါရင့်တိုက်စစ်မှူး ဒွေးကိုကိုချစ်အား ခေါ်ယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် ၂၀၂၁ ရာသီအတွက် ပြည်တွင်းကစားသမား ခုနစ်ဦး ခေါ်ယူထားပြီး ပြည်တွင်း ပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

ဟံသာဝတီအသင်းသည် လာမည့်ရာသီအတွက် ဂိုးသမားပြည့်ဖြိုးအောင်၊ နောက်ခံလူရဲရင့်အောင်နှင့် နောက်တန်းအစွန်လူ ရဲလင်းထက်တို့ကို စာချုပ်ချုပ်ဆိုပြီးစီးသွားပြီး ကျန်ရှိသည့် ဝင်းမိုးကျော်၊ ဒွေးကိုကိုချစ်၊ နေမိုးနိုင်နှင့် အောင်မြတ်သူတို့မှာ နေရပ်ပြန်နေသောကြောင့် လေ့ကျင့်မှုစတင်သည့်အချိန်မှသာ စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## သန်လျင် က.ည.န ရုံး၌ ဆိုင်ကယ် ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်အရ မော်တော်ဆိုင်ကယ်၊သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီး မော်တော်ယာဉ်နှင့် ထော်လာဂျီယာဉ်များ၏ ကနဦး မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရုံးများအားလုံး ယနေ့ပြန်လည် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင် က.ည.န ရုံးမှသိရသည်။

"ဒီကနေ့က စပြီးတော့ တစ်ချိန်ကို စီးရေ ၅၀ နှုန်းနဲ့ အချိန်လေးချိန် သတ်မှတ်ပြီးတော့ တစ်ရက်ကို စီးရေ ၂၀၀ နှုန်းသတ်မှတ်ပြီးတော့ဆောင်ရွက် ပေးတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ကုမ္ပဏီတွေက သွင်းတဲ့ ဆိုင်ကယ်တွေ များပါတယ်" ဟု ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင် က.ည.န ရုံးမှ ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက ပြောကြားသည်။

ရန်ကုန်တောင်ပိုင်းခရိုင် က.ည.န ရုံးကိုလည်း မကြာသေးမီက သီလဝါကားလမ်းဘေးရေကြောင်းတက္ကသိုလ် လမ်းဆုံ ဘုရားကုန်းကျေးရွာသို့ ပြောင်းရွှေ့ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ပြည်သူများ အဆင်ပြေစေရေးနှင့် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီး သုံးဘီး မော်တော်ယာဉ်နှင့် ထော်လာဂျီယာဉ်များ၏ ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ရက်ချိန်းရယူခြင်းအား ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။



မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်နှင့် ထော်လာဂျီယာဉ်များ၏ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်လိုသည့် ယာဉ်ပိုင်ရှင်များသည် မိမိကနဦးမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်လိုသည့် နေ့ရက်ကို www.rtad.gov.mm Website တွင် Online booking ကို ၁၈-၁-၂၀၂၁ ရက် (တနင်္လာနေ့)မှစတင်၍ အနည်းဆုံး တစ်ရက်မှ အများဆုံး ၁၀ ရက်အထိ ကြိုတင်ရယူဆောင်ရွက်ရကြောင်းလည်း သိရသည်။

Online အသုံးပြုရန် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com, www.rtad.gov.mm Website များနှင့် RTAD HQ Facebook တွင် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း၊ Online Booking လျှောက်ထားသည့် Appointment Letter ၌ ကြိုတင်ဖော်ပြထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များအား သေချာစွာဖတ်ရှု၍ တိကျစွာ အလေးထားလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း သိရသည်။

**မြင့်မောင်**

## သာစည်မြို့နယ်ရှိ အခြေခံပညာကျောင်း ၇၆ ကျောင်းတွင် ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်မည်

**သာစည် ဇန်နဝါရီ ၂၀**

၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အခြေခံပညာကျောင်း၇၆ ကျောင်းတွင် ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောင်းဝင်းအုတ်တံတိုင်းကာရံခြင်းနှင့် သန့်စင်ခန်းဆောက်လုပ်ခြင်းလုပ်ငန်းများ ၈၃ ခုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၈ ရက် နံနက်၁၀ နာရီခွဲက မြို့နယ်ခန်းမ၌ပြုလုပ်သည့် မြို့နယ်တည်ဆောက်ရေးကော်မတီ၏လုပ်ငန်းအပ်နှံဆွေးနွေးပွဲမှ သိရသည်။



ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟက အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါက်တာသန္တာဆွေက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

သာစည်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အခြေခံပညာကျောင်း ၇၆ ကျောင်းတွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ၂၃ ခု၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း သုံးခု၊ အုတ်တံတိုင်းကာရံခြင်းနှင့် သန့်စင်ခန်းဆောက်လုပ်ခြင်းလုပ်ငန်း ၅၇ ခုတို့ ဆောင်ရွက်ခွင့်ရရှိကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ် ပညာရေးမှူးရုံးများမှ တာဝန်ရှိသူများ၊ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသော ရပ်ကွက်/ကျေးရွာ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး ကိုဗစ်-၁၉ ကျန်းမာရေးလမ်းညွှန်ချက်များဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း(ပြန်/ဆက်)**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်ဥ(ဟသ်ာတ)

### အသက် (၁၀၂) နှစ်

Ayeyar Hinthar Holdings Co., Ltd. ၏ဒုတိယဥက္ကဋ္ဌ ဦးအာယု-ဒေါ်ခင်မြသွင်တို့၏မိခင်ကြီး ဒေါ်ကျင်ဥသည် ၁၉-၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၇:၄၆ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဌေးဦး-ဒေါ်ကြူကြူမြင့်**
**ရွှေချမ်းသာဒေါင်းမင်းကုမ္ပဏီလီမိတက် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းစိန်

### အသက်(၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်သန်းစိန် အသက်(၈၇)နှစ်သည် ၂၀-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှမျိုးဝင်း(ညွှန်ကြားရေးမှူး)နှင့်**
**မွန်ပြည်နယ် ကျေးလက်လမ်းဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းစိန်

### အသက်(၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်သန်းစိန် အသက်(၈၇)နှစ်သည် ၂၀-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုး(ညွှန်ကြားရေးမှူး)နှင့်**
**မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းစိန်

### အသက်(၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်သန်းစိန် အသက်(၈၇)နှစ်သည် ၂၀-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်မျိုးထွေး(ညွှန်ကြားရေးမှူး)နှင့်**
**စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဝန်ထမ်းမိသားစုများ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၇၅၆၊ မြေကွက်တည်နေရာအမှတ်(၃၈)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ (ငယ်စာရင်း) အမည်ပေါက် ဦးစိန်သောင်း[၅/ကလန(နိုင်)၀၁၁၀၃၄]ကိုယ်တိုင်မှ မြေပိုင်ဆိုင်မှု အရပ်ကတိစာချုပ် အထောက်အထား၊ အမှတ်(၁)ရပ်ကွက် ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘိုသက်ခိုင်ဦး Passport နံပါတ် MD 701598 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက 09-42023004, 09685971128 သို့ ဆက်သွယ်ပေးပါရန်။

### သွေးသည်အသက်

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းစိန်

### အသက်(၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြား ရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်သန်းစိန် သည် ၂၀-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲခေါင်ထွန်း(ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေး)နှင့်**
**ငွေစာရင်းဌာနခွဲ၊ အရာထမ်း/အမှုထမ်းများ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းစိန်

### အသက်(၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြား ရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်သန်းစိန် သည် ၂၀-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဦး (အင်ဂျင်နီယာချုပ်၊ မြို့ပြ)နှင့်**
**သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲမှ**
**အရာထမ်း/အမှုထမ်းများ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြသိန်း

### အသက်(၇၀)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက် လုပ်ငန်းမှ ဒေါ်သန္တာအေး (လက်ထောက်မန်နေဂျာ)၏ ချစ်လှစွာသော မိခင် ဒေါ်မြသိန်းသည် ၁၉-၁-၂၀၂၂ ရက်၊ ည(၁၁:၃၀)နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းစိန်

### အသက်(၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြား ရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်သန်းစိန် သည် ၂၀-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးထွန်းနိုင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တည်ဆောက်ရေး)နှင့်ဇနီး**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းစိန်

### အသက်(၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်သန်းစိန် အသက်(၈၇)နှစ်သည် ၂၀-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသက်ဇော်(ညွှန်ကြားရေးမှူး)နှင့်**
**ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဝန်ထမ်းမိသားစုများ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃၊ မြေကွက်အမှတ်-၄၇၃၊ မြေကွက်တည်နေရာအမှတ်(၃)၊ ဇေယျာသစ္စာလမ်း၊ (၁)ရပ်ကွက်၊ (ငယ်စာရင်း) အမည်ပေါက် ဦးမြင့်ငွေ[၁၂/လမန(နိုင်)၀၄၇၂၀၀]၊ ဦးမင်းနောင်[၈/နမန(နိုင်)၁၄၅၀၁၉]တို့ ကိုယ်တိုင်မှ မြေပိုင်ဆိုင်မှု အရပ်ကတိစာချုပ် အထောက်အထား၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းစိန်

### အသက်(၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်သန်းစိန် အသက်(၈၇)နှစ်သည် ၂၀-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသီဟ-ဒေါ်တင်မိုးမြင့်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၃၊ မြေကွက်အမှတ်-၄၉၃၊ မြေကွက်တည်နေရာအမှတ်(၈)၊ ဇေယျာသစ္စာလမ်း၊ (၁) ရပ်ကွက်၊ (ငယ်စာရင်း) အမည်ပေါက် ဒေါ်လေးလေးသန့်[၁၂/ကမရ(နိုင်)၀၄၉၃၇၁]၊ ဒေါ်ချိုချိုပြုံး[၁၂/လမန(နိုင်)၀၀၀၃၄၁]တို့က မြေပိုင်ဆိုင်မှု အရပ်ကတိစာချုပ် ဆက်စပ်အထောက်အထားများ၊ အမှတ်(၁) ရပ်ကွက် ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၈၃၉၊ မြေကွက်တည်နေရာအမှတ်(၂၂)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ (ငယ်စာရင်း) အမည်ပေါက် ဦးလှဝင်း(ခ)ကစ္စနား[၁၂/လမန(နိုင်)၁၁၃၉၅၇]ကိုယ်တိုင်မှ မြေပိုင်ဆိုင်မှု အရပ်ကတိစာချုပ် အထောက်အထား၊ အမှတ်(၁)ရပ်ကွက် ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြော်ငြာ

ကျွန်မ ဒေါ်ဌေးမြင့်[၇/ပခန(နိုင်)၁၁၉၆၀၁]ကိုယ်စား သက်ဆိုင်ရာ ရုံးဌာန အသီးသီးတွင် လွှဲအပ်သူ ကိုယ်စားအဖြစ် လိုက်ပါဆောင်ရွက်နိုင်ရန် အထူးကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်-၂၀၁၆ခုနှစ်(၂၀၃/VI/SP)ဖြင့် ၁၃-၇-၂၀၁၆ရက်တွင် ဦးဇာနည်စိုး(ဘ) ဦးမောင်ကျော်[၃/ကဆက(နိုင်) ၀၅၁၁၀၀]အား ပဲခူးမြို့၌ ကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ သက်ဆိုင်ရာ ရုံးလုပ်ငန်းကိစ္စများ ပြီးမြောက်ပြီဖြစ်၍ ယနေ့ ၁၄-၁၂-၂၀၂၀ရက်မှစ၍ ဦးဇာနည်စိုး(ဘ) ဦးမောင်ကျော်ထံ လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ် (Special Power)ကို ပါဝါပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဌေးမြင့်[၇/ပခန(နိုင်)၁၁၉၆၀၁]**
**ဆက်သွယ်ရန်-၀၉-၇၈၃၄၅၈၃၈၆**

### ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၇၇၃)၊ ဧရိယာ (၃၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ

### မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၇၇၃)ဟုခေါ်တွင်သည့် မြေအိမ်အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အထက်ပါမြေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် အမည်ပေါက်ပိုင်ရှင် ဒေါ်ကြိုင်[၁၂/မဂဒ(နိုင်)၀၀၅၁၆၅](TTN-၁၇၅၈၆၂) ထံမှ တရားဝင်အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးညာဏ်ထွန်း [၁၀/မလမ(နိုင်)၁၆၇၆၂၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ(၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B, DBL, DML,DIL,DLP, WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,DBL,**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**Tel:294766 Hp:09-501 7044**

## ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ပဲခူးလမ်း၊ အမှတ် (၅၃၈၃)နေ (ဦးခင်မောင်ဇော်)၏ ဇနီး၊ ဦးဝဏ္ဏဇော်(ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်သူဇာတို့၏မိခင် ဒေါ်သန်းစိန် အသက် (၈၇)နှစ် အငြိမ်းစားကျောင်းအုပ်ဆရာမကြီး၊ ဖြူးမြို့သည် ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကွယ်လွန်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းစိန်
### အသက် (၈၇) နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်သန်းစိန်သည် ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊**
**အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း/အမှုထမ်းများ**
**ပြည်ထောင်စုဝန်ကြီးရုံး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**နေပြည်တော်**

## ဒေါ်သန်းတင်
### အသက် (၈၀)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ပျားရည်ကုန်းရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၁၆၂/ဘီ-၄)နေ (ဦးဘရှင်-ဒေါ်သောင်းမြ)တို့၏သမီး၊ [ဦးမြင့်ဝေ (မြို့တော်စည်ပင်-ငြိမ်း)]၏ ဇနီး၊ ဦးဇော်မျိုးထွန်း (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး)-ဒေါ်ရီရီအောင်(တာမွေမြို့နယ်စည်ပင်သာယာရေးကော်မတီရုံး)၊ ဒေါ်ကြည်ကြည်အောင်၊ (အောင်ကျော်ဝေ)တို့၏ ချစ်လှစွာသောမိခင်၊ မအေးမြတ်မိုး၏အဘွား ဒေါ်သန်းတင်သည် ၁၉-၁-၂၀၂၁ ရက် ည ၁၀:၃၅ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၁ (တနင်္လာနေ့)တွင် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
## ဦးအောင်ကျော်ဆင့် (ဟသ်ာတ)
### အသက် (၇၄) နှစ်

ဟသ်ာတမြို့၊ ပျဉ်းမချောင်းရပ်၊ တာသစ်လမ်းနေ (ဦးငွေမောင်း-ဒေါ်မြအေး)တို့၏ သား၊ ဇလွန်မြို့နေ (ဦးဘတင်-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ဒေါ်တင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းညွန့်)-ဒေါ်သန္တာဦး၊ (ဦးမျိုးမင်းလတ်)၊ ကိုလှတိုင်းမွေး၊ ဦးအေးထွန်း-ဒေါ်တင်မာလာကျော်၊ ကိုကေကေစမောတို့၏ ဖခင်၊ မောင်သက်ပိုင်ဝင်းညွန့်၊ မဇင်ဇင်ဝင်းညွန့်၊ မောင်ဗသိမ်းတင်၊ မနှင်းအိအိကျော်တို့၏အဘိုး ဦးအောင်ကျော်ဆင့်သည် ၁၉-၁-၂၀၂၁ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ဟသ်ာတမြို့ သင်္ဂြိုဟ်စက်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဆရာမ ဒေါ်ခင်မြသိန်း
အထပြ-ငြိမ်း၊ သာဂရ/ရေတာရှည်
### အသက် (၆၈) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ သရဖီ(၁)လမ်း၊ အမှတ်(၅၈၅)နေ (ဦးသိန်း-ဒေါ်မြမို)တို့၏ သမီးကြီး၊ ဦးသန်းနိုင်(ခ) ဦးကံပေါ်၏ ဇနီး၊ မမွန်ဟန်ချို၊ ကိုသန်းထိုက်ဇော်၊ မဆုလေးနွယ်၊ မအေးချမ်းမိုး၊ မမြသဲခိုင်တို့၏ မွေးသမိခင်၊ ဦးကျော်ဆွေသိန်း၊ ဦးခင်မောင်သိန်း(ဆန်ပုံကြီးဆန်ဆိုင်)၊ ဒေါ်ခင်လှသိန်း၊ ဒေါ်နွဲ့နွဲ့ရီတို့၏အစ်မကြီးသည် ၁၉-၁-၂၀၂၁ (အင်္ဂါနေ့) ညနေ ၆:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၁ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်နိုင်
### အသက် (၅၄) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း(၅)လမ်း၊ အမှတ်(၂၂)နေ (ဦးတင်ငွေ)-ဒေါ်လှဝင်းတို့၏သား၊ ဦးကျော်မြင့်၊ ဦးဝဏ္ဏသာရ၊ ဦးကျော်ဝင်း၊ ဦးစိုးတင့်-ဒေါ်ခင်တင့်ဆွေတို့၏ညီ၊ ဦးသိန်းဇော်၏အစ်ကို၊ မောင်အောင်ကျော်မြင့်၊ မမိုးသူဟန်တို့၏ဦးလေးသည် ၁၆-၁-၂၀၂၁ (စနေနေ့) ညနေ ၄:၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၂၁ (တနင်္လာနေ့) မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ်၊ ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင်ရွှေ
အထက-ဗထူး၊ လယ်/ပြ-ငြိမ်း
### အသက် (၈၈) နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နေ ဦးကျင်-ဒေါ်အေးကြည်တို့၏ သား၊ ဦးအောင်မြင့်ဦး-ဒေါ်ဂျာစင်းတာ၊ ဒေါ်မီမီလတ်၊ ဦးသန့်ဇင်-ဒေါ်သန်းသန်းမြင့်၊ ဦးသော်ဇင်-ဒေါ်တင်မိုးဖြူ၊ ဦးအေးမင်း-ဒေါ်နိုင်နိုင်ဦးတို့၏ မွေးသဖခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုး၊ [ဒေါ်အေးသီ(ခ)ဒေါ်မြင့်သီ]၏ ခင်ပွန်းသည် ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၁ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၂၁ (အင်္ဂါနေ့) နံနက်တွင် အမှတ်(၈၂၂)၊ ဦးကြင်ဥလမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိန်ဝင်း
### အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ နီလာလမ်းသွယ် (၆)၊ အမှတ်(၁၉၇)နေ (ဦးထွန်းကျော်-ဒေါ်နွဲ့)တို့၏ သား၊ ဒေါ်မြမြရီ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်မောင်လတ်)-ဒေါ်မိမိနိုင်၊ ဦးမင်းသူရ-ဒေါ်စန်းစန်းဌေး၊ ဦးစိုးမိုးကျော်-ဒေါ်စိုးစိုးနိုင်၊ ဒေါ်လေးလုံ၊ ဒေါက်တာလေးငုံ၊ ဦးသန်းဦး-ဒေါ်လေးပျိုတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး
## ဦးစိုးသန်း
(ဒုအင်ဂျင်နီယာမှူးကြီး-ငြိမ်း၊ ရေ/သန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရွှေတိဂုံစေတီတော် ရေသန့်ဝေယျာဝစ္စလုပ်ငန်း အကျိုးဆောင်အသင်း နာယကကြီး)
### အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးရွှေခိုင်-ဒေါ်ကျင်မွေး)တို့၏ သား၊ (ဦးဉာဏ်-ဒေါ်လှကြည်)တို့၏သားသမက်၊ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဦးဇေယျာစိုးထွဋ်၊ ဦးဇေယျာစိုးထက်-ဒေါ်မြမြထွေး(ခေတ္တ-USA)၊ ဦးမျိုးမင်းသန့်-ဒေါ်စိုးနှင်းအိတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဖြိုးသုတ၊ မောင်အံ့ဩအောင်မြင့်တို့၏ အဘိုးသည် ၁၉-၁-၂၀၂၁ (အင်္ဂါနေ့) နံနက် ၆:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဆရာကြီး ဒေါက်တာမြင့်အောင်
ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ မြန်မာစာအဖွဲ့အမြဲတမ်း၊ အချိန်ပြည့်အဖွဲ့ဝင်
### အသက် (၆၇) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ မဉ္ဇူသကလမ်း၊ အမှတ်(၁၁၆၂)နေ (ဦးကျော်ညွန့်-ဒေါ်သန်းရီ)တို့၏သား၊ (ဒေါ်ခင်စီ)၏ ခင်ပွန်း၊ (ဦးမြစိုး)၏ အစ်ကို၊ ဦးအောင်ကိုကို-ဒေါ်ခင်လေးနွယ်တို့၏ ဖခင်၊ မခင်ပြည့်စုံ၏ အဘိုးသည် ၁၈-၁-၂၀၂၁ (တနင်္လာနေ့) ည ၆:၄၅ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးသက်ထွန်းကျော်
DSA(49)
### အသက် (၃၅) နှစ်

မြင်းခြံမြို့၊ (၆) ရပ်ကွက်နေ (ဦးကျော်-ဒေါ်မြသန်း)၊ မန္တလေးမြို့၊ နယူးစီပီလိုင်းနေ (ဦးလှထွန်း-ဒေါ်သန်းမေ)တို့၏ မြေး၊ ဦးထွန်းထွန်း(ဗဟိုဂျီနီယာ ဆေးလုပ်ငန်း-ငြိမ်း)-ဒေါ်တင်တင်မာ(ပညာရေး-ငြိမ်း)တို့၏သား၊ (မောင်ဇော်ဇော်ထွန်း)၏ ညီ၊ မောင်ထွန်းဝင်း-မစုဝါထွန်း၊ မောင်မြတ်ကိုထွန်းတို့၏ အစ်ကို၊ ဒေါ်အေးကြူထွေး(အသံကျွမ်းကျင်-၁၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း)၏ခင်ပွန်း၊ မောင်အာကာဖုန်းမြတ်၏ဖခင်သည် ၂၀-၁-၂၀၂၁ ရက် နံနက် ၁:၁၀ နာရီတွင် တပ်မတော် အသည်းအထူးကုဆေးရုံ(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၉နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းစိန်
### အသက် (၈၇) နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏မိခင်ဖြစ်သူ ဒေါ်သန်းစိန် အသက် (၈၇) နှစ်သည် ၂၀-၁-၂၀၂၁ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**အရာထမ်း/အမှုထမ်းများ**

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမ
ရဟန်းမယ်တော်ကြီး
## ဒေါ်သန္တဝတီ (ဖွားဖွားသံ) (မဟာသဒ္ဓမ္မဇောတိကဓဇ)
### သိက္ခာတော် (၈၁)ဝါ၊ သက်တော် (၉၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဥဇ္ဇာစာရီမြန်အောင်သီလရှင်စာသင်တိုက်၊နာယကဆရာကြီးဖြစ်တော်မူသော ဆရာကြီး ဒေါ်သန္တဝတီ(ဖွားဖွားသံ)သည် ၁၉-၁-၂၀၂၁ (အင်္ဂါနေ့) ည ၁၀:၂၀ နာရီတွင် တစ်ဘဝခန္ဓာချုပ်ငြိမ်းသွားပါသဖြင့် ၂၁-၁-၂၀၂၁ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရုပ်ကလာပ်တော်အား ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်များနှင့် ဆွေမျိုး၊ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ဒေါ်ဥဇ္ဇာစာရီ(မြန်အောင်ကျောင်းတိုက်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းစိန် (ဖြူးမြို့)
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### အသက် (၈၇) နှစ်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ပဲခူးလမ်း၊ အမှတ်(၅၃၈၃)နေ (ဦးခင်မောင်ဇော်)၏ဇနီး၊ ဦးဝဏ္ဏဇော်(ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်သူဇာတို့၏မိခင်၊ မောင်ရဲထက်ဦး (ဆဋ္ဌမနှစ်၊ မြို့ပြ၊ မန္တလေးနည်းပညာတက္ကသိုလ်)၊ မအိလင်းဖြူ (ပထမနှစ်၊ သွားဖက်ဆိုင်ရာတက္ကသိုလ်)၊ မောင်ခန့်အောင်ဇော်(Grade-9, CAE၊ နေပြည်တော်)တို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်သန်းစိန်သည် ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် နေပြည်တော် ကေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အနိစ္စ

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းမြင့် (မြန်မာ့မီးရထား-ငြိမ်း)
### အသက် (၆၉) နှစ်

အမှတ်(၁၃/ခ)၊ ပထမထပ်၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်နေ ဒေါ်ခင်စန်းယု၏ ခင်ပွန်း၊ ကိုမျိုးမင်းဦး-မသက်ထားအောင်၊ ဗိုလ်မှူးဝေလင်းထွန်း-မဇင်ဇင်သွယ်တို့၏ ဖခင်၊ မသော်တာဝေလင်း၊ မဖူးပြည့်မျိုးမင်းတို့၏ အဘိုးသည် ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းစိန်
### အသက် (၈၇) နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်သန်းစိန် အသက် (၈၇)နှစ်သည် ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူး နေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းသိန်း-ဒေါ်ချိုချိုမင်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌနှင့် ဂျပန်အထက်လွှတ်တော် အမတ်ဟောင်းအား လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌနှင့် ဂျပန်အထက်လွှတ်တော် အမတ်ဟောင်း မစ္စတာ ဝါတာနာဘေး ဟိဒဲအို အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌနှင့် ဂျပန်အထက်လွှတ်တော်အမတ်ဟောင်း မစ္စတာ ဝါတာနာဘေး ဟိဒဲအို အား ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှိနှိုင်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်-မြန်မာအသင်း၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေးဆောင်ရွက်နေမှု၊ မြန်မာ-ဂျပန် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၀

| | |
|---|---|
| ဟားခါး | ၅ ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၆ ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၇ ဒီဂရီစင်တီဂရိတ် |
| ဖလမ်း | ၇ ဒီဂရီစင်တီဂရိတ် |

## စဉ့်ကိုင်မြို့နယ်၌ အသွားအလာကန့်သတ်ထားသူများအား Rapid Test Kit ဖြင့် စစ်ဆေးရာ ၁၅ ဦး ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိ

စဉ့်ကိုင် ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါးပိုး တွေ့ရှိသူများနှင့် ထိတွေ့ခဲ့သူ ၄၀ ကို Rapid Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခဲ့ရာ ၁၅ ဦးတွင် ပိုးတွေ့ရှိကြောင်း သိရသည်။

မြို့နယ် ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပရဟိတ အဖွဲ့ဝင်များ ပူးပေါင်း၍ ပလိပ်(အထက)နှင့် ဘယ်လင်းကျေးရွာရှိ ကျောက်မိုင်းဝန်ထမ်း အိမ်ရာတို့တွင် အသွားအလာကန့်သတ်ထားသူ ၂၅ ဦး၏ ဓာတ်ခွဲနမူနာများကို ယနေ့နံနက် ၈ နာရီက ရယူကာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ထားကြောင်း သိရသည်။

မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံနှင့် ပလိပ်တိုက်နယ်ဆေးရုံ တို့တွင် လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိ၍ ဆေးကုသမှုခံယူနေသူ ၂၀ ရှိပြီး ယခုအချိန်အထိ ပြန်လည်သက်သာလာ၍ ဆေးရုံဆင်းခွင့်ရရှိသူ ၂၃၇ ဦးရှိကြောင်း သိရသည်။

မြို့နယ်(ပြန် /ဆက်)



## ဒွေးကိုကိုချစ်အား ခေါ်ယူရန် ဟံသာဝတီအသင်း သဘောတူညီမှုရရှိ

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၂၁ ရာသီအတွက် ပြင်ဆင်နေသည့် ဟံသာဝတီအသင်းသည် ကစားသမားသစ်နှစ်ဦးအား အပြီးသတ်စာချုပ် ချုပ်ဆိုခဲ့ပြီး တိုက်စစ်ပိုင်းအားဖြည့်ရန် ဒွေးကိုကိုချစ် အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။




ရဲလင်းထက်အား စာချုပ်ချုပ်ဆိုအပြီး ဟံသာဝတီအသင်းအုပ်ချုပ်သူ ဦးထွန်းထွန်းလင်း၊ နည်းပြချုပ် ဦးမျိုးမင်းထွန်း တို့နှင့်အတူ တွေ့ရစဉ်။

ဟံသာဝတီအသင်းသည် လာမည့် ရာသီအတွက် ပြည်တွင်းကစားသမား ခုနစ်ဦး ခေါ်ယူရန် သဘောတူညီမှု ရထားပြီး ယင်းကစားသမားများ အနက် သုံးဦးသာ စာချုပ် ချုပ်ဆို ရသေးပြီး ကျန်လေးဦးမှာမူ နေရပ်များသို့ ပြန်နေသောကြောင့် လေ့ကျင့်သည့်အချိန်မှသာ အပြီးသတ်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ ဟံသာဝတီ အသင်းသည် နောက်ခံလူရဲရင့်အောင် နှင့် နောက်တန်းအစွန်လူ ရဲလင်းထက် တို့ကို ဇန်နဝါရီ ၁၉ ရက်က အပြီး သတ်စာချုပ် ချုပ်ဆိုခဲ့ပြီး ရဲရင့်အောင် ကို သုံးနှစ်နှင့် ရဲလင်းထက်ကို နှစ်နှစ် သက်တမ်းရှိ စာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ဟံသာဝတီအသင်း သည် ရှမ်းယူနိုက်တက်အသင်းနှင့် စာချုပ်ကုန်ဆုံးခဲ့သည့် တိုက်စစ်မှူး

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ

### ၂၀၂၀ ပြည့်နှစ်တွင် ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၁၇ ဘီလီယံ ရရှိအောင် စင်ကာပူ ဆွဲဆောင်နိုင်ခဲ့

စာမျက်နှာ » ၁၂

### အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းအား နွေရာသီကာလမတိုင်မီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးရန် ဥရောပသမဂ္ဂ ရည်ရွယ်လျက်ရှိ

စာမျက်နှာ » ၁၃

### ဇန်နဝါရီ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၇၈ ဦး တွေ့ရှိ

စာမျက်နှာ » ၁၅

# "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

(၄-၁-၂၀၂၁) ရက်၊ လွှတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့် ကြော်ငြာစာအမှတ် -၁/၂၀၂၁ ဖြင့် မြန်မာနိုင်ငံတော်အစိုးရမှ ဘာသာသာသနာအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပြီး မြတ်ဗုဒ္ဓ၏သာသနာအတွင်း၌ ပစ္စည်းလေးပါးဒါယကာ၊ ဒါယိကာမ အဖြစ် စဉ်ဆက်မပြတ် လှူဒါန်းသည့် လူပုဂ္ဂိုလ်များကို ချီးမြှင့်ပေးသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များဖြစ်သည့် -

"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့" မိခင်ကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်

"သီရိသုဓမ္မမဏိဇောတဓရဘွဲ့" ဦးမျိုးမြင့် (ဥက္ကဋ္ဌ – Myo Naing-Nine Group of Companies)

"သီရိသုဓမ္မသိင်္ဂီဘွဲ့" ဒေါ်သန္တာဝင်း (ဒုဥက္ကဋ္ဌ – Myo Naing-Nine Group of Companies)

တို့အားအသီးသီး ချီးမြှင့်ခံရသည့်အတွက်လိုက်လိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်နိုင်ငံအကျိုး၊သာသနာအကျိုးတို့ကို ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်နိုင်သော မိသားစုများဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမျိုးမင်းနိုင် (MD - မင်းမင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်)
ဒေါ်ရွှေစင်ငွေး (Director - မင်းမင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်)
သမီးကြီး – မဇင်ဇင်ထက်နိုင် @ Snow (Yr-10, PISM)
သားကြီး – မောင်ခန့်ညားနိုင် @ Ralph (Yr-8, PISM)
သားငယ် – မောင်သီဟနိုင် @ Ryan (Yr-5, PISM)

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ သင်တန်းဌာနများနှင့် သင်တန်းကျောင်းများတွင် Digital Learning Management System အား လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် Laptop Computer များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ Open Tender ပုံစံများကို (၁၈-၁-၂၀၂၁) ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)တို့တွင် တစ်စုံလျှင် ကျပ် (၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး (၁၆-၂-၂၀၂၁) ရက်၊ ညနေ ၄:၀၀ နာရီ နောက်ဆုံးထား၍ Tender ပုံစံ ဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါ Laptop Computer များအား သက်ဆိုင်ရာကျောင်းများ၊ သင်တန်းဌာနများနှင့် သင်တန်းကျောင်းများသို့ အရောက်ပေးပို့နိုင်ရမည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း ၀၆၇၃-၄၀၄၀၂၀/၀၆၇၃-၄၀၄၃၈၉/၀၆၇၃-၄၀၄၄၅၆ နှင့် website ဖြစ်သော www.dtvet.gov.mm တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး၊တွံတေးမြို့နယ်၊ရန်ကုန်မြို့သစ်စီမံကိန်း၊ကွင်းအမှတ်(၀၁)၊အုပ်စုအမှတ်(RA-1)၊အကွက်အမှတ်(တ-၀၆)၊မြေကွက်အမှတ်(၀၈၄၇)၊ဧရိယာ(၁၄၀'×၁၀၀')ရှိသည့်ဒေါ်လှလှမြိုင်(၁၂/တတန(နိုင်)၁၁၀၇၅၅)အမည်ပေါက်ယာယီမြေပေးမိန့်အမျိုးအစားမြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်ကိုယာယီမြေပေးမိန့်အမှတ်(၅၃၁၅/၂၀၂၀)တွင်တရားဝင်အမည်ပေါက်သူ-ဒေါ်လှလှမြိုင်(၁၂/တတန(နိုင်)၁၁၀၇၅၅)ကအရှုပ်အရှင်းကင်းရှင်းစွာလက်ရှိထားပိုင်ဆိုင်ပါကြောင်းဝန်ခံကတိပြုသည့်အတွက်ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေခဲ့ပြီးဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်ပတ်သတ်၍ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့်ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါကမြေကွက်အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

ဦးသန့်ဇင် (LL-B) — အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) — Ph-09 253995848 , 09-798420119
ဒေါ်ဟန်နွေနိုင်(LL-B) — အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) — Ph-09-4200 73685
အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရန်ကုန်တိုင်းဒေသကြီး၊တွံတေးမြို့နယ်၊ရန်ကုန်မြို့သစ်စီမံကိန်း၊အုပ်စုအမှတ်(၀၂)(RA-2)၊အကွက်အမှတ်(တ-၀၆)၊မြေကွက်အမှတ်(၀၂၈၀)၊ဧရိယာ(၁၃၀'၈"×၁၀၀')ရှိသည့်စိုင်းမျိုးသန့်(၁၃/ကတန(နိုင်)၀၀၁၂၁၂)အမည်ပေါက်ယာယီမြေပေးမိန့်အမျိုးအစားမြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်ကိုယာယီမြေပေးမိန့်အမှတ်(၄၆၂၀/၂၀၂၀)တွင်တရားဝင်အမည်ပေါက်သူ-စိုင်းမျိုးသန့်(၁၃/ကတန(နိုင်)၀၀၁၂၁၂)ကအရှုပ်အရှင်းကင်းရှင်းစွာလက်ရှိထားပိုင်ဆိုင်ပါကြောင်းဝန်ခံကတိပြုသည့်အတွက်ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေခဲ့ပြီးဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်ပတ်သတ်၍ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့်ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါကမြေကွက်အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

ဦးသန့်ဇင် (LL-B) — အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) — Ph-09 253995848 , 09-798420119
ဒေါ်ဟန်နွေနိုင်(LL-B) — အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) — Ph-09-4200 73685
အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

LIGHTHOUSE
ဒဂုံမြို့သစ်(ဆိပ်ကမ်း) (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (အရှေ့ပိုင်း)
မြေကွက်များဝယ်ယူလိုပါသည်။
"ပွဲခ (လုံး၀) ပေးရန်မလိုပါ။"
09-424206633
09-424206644

နှင်းထိုက်အောင်
အိမ်ပြောင်း / အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။
09 3128 2593
09 3128 2594
09 3128 2595

STAR
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

ကန့်ကွက်လိုက နိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးအထောက်အထားတစ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့် | | | | | လျှောက်ထားသည့် |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | အကြောင်းအရာ |
| ၁။ | ဦးတင်မောင်အေး | ၉/ခအဇ(နိုင်)၀၁၂၃၆၇ | မြောက်ဥက္ကလာပ | ၁ | ၂၇၄ | ဒေါ်လှစိန် | ၂၇၄၊ သုမိတ္တာ(၈)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပ | အမည်ပြောင်း |
| ၂။ | ဦးတင်မောင်အေး | ၉/ခအဇ(နိုင်)၀၁၂၃၆၇ | မြောက်ဥက္ကလာပ | ၁ | ၈၈၈ | ဦးသိန်းအောင်+၃ | ၈၈၈၊ သုမိတ္တာ(၂)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပ | အမည်ပြောင်း |
| ၃။ | ဦးတင်ဇော်ဦး | ၁၄/ဇလန(နိုင်)၀၈၅၄၄၉ | သဃ်န်းကျွန်း | ကြီးပွားရေး(မြောက်) မြယမုံအိမ်ရာ | ၆၀ | ဒေါ်နီလာခင်လတ် | ၆၀၊ မြယမုံ(၃)လမ်း၊ ကြီးပွားရေး/မြောက်(မြယမုံအိမ်ရာ) သဃ်န်းကျွန်း | အမည်ပြောင်း |
| ၄။ | ဒေါ်မာမာသက် | ၁၂/ပဇတ(နိုင်)၀၀၃၅၈၆ | ပုဇွန်တောင် | ၁၀အိုင်၂ | II၂၂ဘီ + ၂၃အေ | ဒေါ်နီနီ | ၈၂/၈၄၊ (၄၉)လမ်း၊ (၁)ရပ်ကွက် | အမည်ပြောင်း |
| ၅။ | ဒေါ်နင်းစုဝေ | ၁၂/ဥကတ(နိုင်)၁၇၀၈၅၅ | တောင်ဥက္ကလာပ | ၅ | ၆၄၂/က | ဒေါ်မေဇော်ဦး | ၆၄၂/က၊ (၂၉)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ | အမည်ပြောင်း |
| ၆။ | ဦးရဲအောင် | ၁၂/သကတ(နိုင်)၀၉၂၈၀၇ | ဒဂုံအရှေ့ | ၁၂ | ၇၈၂ | ဦးခင်မောင်မြင့် | ၇၈၂၊ (၁၂)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၇။ | ဦးဝင်းသိန်း(ခ)လော်ဝင်းသိန်း | ၁၂/ဥကတ(နိုင်)၁၃၅၂၅၁ | ဒဂုံမြောက် | ၃၅ | ၁၀၁၉ | ဒေါ်လှမြင့်သန်း | ၁၀၁၉၊ ရှေ့ဆောင်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၈။ | ဦးဝင်းသိန်း(ခ)လော်ဝင်းသိန်း | ၁၂/ဥကတ(နိုင်)၁၃၅၂၅၁ | ဒဂုံမြောက် | ၃၀ | ၁၁၇ | ဦးထွန်းရီ | ၁၁၇၊ ဘုရင့်နောင်လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၉။ | ဒေါ်စုစုလှိုင် | ၁၂/စခန(နိုင်)၀၆၁၃၂၃ | ဒဂုံမြောက် | ၃၂ | ၉၅ | ဒေါ်မြမြသန်း | ၉၅၊ စိမ်းလဲ့သာယာလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၁၀။ | ဒေါ်စမ်းသွင်+၁ | ၇/ကတခ(နိုင်)၀၁၁၃၄၄ | ဒေါပုံ | ၇/ပုသိမ်မြေ | ၄၆ | ဦးစန်းမောင် | ၄၆၊ (၂)လမ်း၊ ပုသိမ်မြေရပ်ကွက် | အမည်ပြောင်း |
| ၁၁။ | ဒေါ်စမ်းသွင် | ၇/ကတခ(နိုင်)၀၁၁၃၄၄ | ဒေါပုံ | ၇/ပုသိမ်မြေ | ၉၅ | ဦးလှရှိန် | ၉၅၊ (၃)လမ်း၊ ပုသိမ်မြေရပ်ကွက် | အမည်ပြောင်း |
| ၁၂။ | ဒေါ်သန္တာပြုံး(ခ)သန်းသန်းနု | ၁၂/လမတ(နိုင်)၀၁၉၆၉၀ | မြောက်ဥက္ကလာပ | ၄ | ၅၄၁/က | ဦးစိုးညွန့် | ၅၄၁/က၊ သုနန္ဒာလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ | အမည်ပြောင်း |
| ၁၃။ | ဦးဆန်းလွင် | ၁၁/သတန(နိုင်)၀၄၆၇၉၈ | သာကေတ | ၁/အနော်မာ | ၇၇ | ဦးမြအေး | ၇၇၊ အနော်မာ(၂)လမ်း၊ ၁/အနော်မာရပ်ကွက် | အမည်ပြောင်း |
| ၁၄။ | ဦးစန်းမောင် | ၁၂/သကတ(နိုင်)၀၅၃၁၈၇ | သာကေတ | ၈ | ၄၈၁ | ဦးစိန် | ၄၈၁၊ နဝရတ်လမ်းကျယ်၊ (၈)ရပ်ကွက် | အမည်ပြောင်း |
| ၁၅။ | ဒေါ်ကေတီအုန်း | ၆/ထဝန(နိုင်)၀၀၉၇၇၀ | သာကေတ | ၄/တောင် | ၃၈၇/က | ဒေါ်အေးစိန် | ၃၈၇/က၊ မေယုလမ်းသွယ်၊ (၄/တောင်)ရပ်ကွက် | အမည်ပြောင်း |
| ၁၆။ | ဒေါ်ဆွေဆွေဟန် | ၇/ရတရ(နိုင်)၀၇၁၄၀၃ | ဒဂုံမြောက် | ၃၄ | ၆၃ | ဒေါ်ငြိမ်းအေး | ၆၃၊ ယမနေ(၁)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၁၇။ | ဦးညက်ဝင်းအောင် | ၁၂/ကတတ(နိုင်)၀၀၈၁၈၈ | သဃ်န်းကျွန်း | ၁၆/၃ | ၄၄၂/က | ဒေါ်လှလှအေး | ၄၄၂/က၊ ဓမ္မာရုံလမ်း၊ (၁၆/၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် | အမည်ပြောင်း |
| ၁၈။ | ဒေါ်မြသန္တာ | ၁၂/ကတတ(နိုင်)၀၁၄၉၈၁ | သဃ်န်းကျွန်း | လေးဒေါင့်ကန် | ၆၈ | ဒေါ်မြကေသွယ် | ၆၈၊ လေးဒေါင့်ကန်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း | အမည်ပြောင်း |
| ၁၉။ | ဒေါ်ချိုချိုတင့် | ၆/မအရ(နိုင်)၀၈၉၇၆၀ | သာကေတ | ၄/တောင် | ၆၁၂/က | ဦးစောမောင်+၁ | ၆၁၂/က၊ မြို့မလမ်း၊ (၄/တောင်)ရပ်ကွက် | အမည်ပြောင်း |

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁) (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ခြောက်ထပ်ကြီးဘုရားကြီးတိုက် စေတနာသုခကျောင်း ဆရာတော် **ဘဒ္ဒန္တကုဏ္ဍက** အား **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော် ပူဇော်ခံရခြင်းအတွက် အထူးပင် ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ သာသနာ့အကျိုးကို ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**တပည့် ဒါယကာ၊ ဒါယိကာမများ**
**ရန်ကုန်မြို့**

## "လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

(၇၃)နှစ်မြောက် (လွတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ချီးမြှင့်သော **"သီရိသုဓမ္မဇောတဓရ"**ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော **ဦးလွင်အောင်အေး** (Managing Director) (LAA Myanmar Trading Co.,Ltd) အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ချစ်သောမိသားစုနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်၊ ကျန်းမာ စိတ်ချမ်းသာစွာဖြင့် နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုး ဆက်လက် ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် မေတ္တာပို့သအပ်ပါသည်။

**ဆရာတော်ဘဒ္ဒန္တသုစိတ္တ**
**သဒ္ဓမ္မသီမာရာမကျောင်းတိုက်(ဘီလူးမသိမ်ကုန်း)**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## "လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

(၇၃)နှစ်မြောက်(လွတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့် သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့် **"အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော **ဦးသက်လင်း(ဥက္ကဋ္ဌ)**(T.Z.T.M Group of Companies)နှင့် **"အဂ္ဂမဟာသီရိသုဓမ္မသိဂီ"** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရပါသော **ဒေါ်သီသီတင်** Director (T.Z.T.M Group of Companies)တို့အား အတိုင်းထက်အလွန် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ချစ်သောမိသားစုနှင့် ကျန်းမာ၊ ချမ်းသာစွာဖြင့် နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် မေတ္တာပို့သအပ်ပါသည်။

**ဆရာတော်ဘဒ္ဒန္တသုစိတ္တ**
**သဒ္ဓမ္မသီမာရာမကျောင်းတိုက်(ဘီလူးမသိမ်ကုန်း)**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## တိုက်ခန်းပိုင်ရှင်အစစ်အမှန်ဖြစ်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ အမှတ်(၂၇)၊ မြေတိုင်းရပ်ကွက် (၂၀/က+ခ)၊ မြေကွက်အမှတ်(၃၆၉)တွင် မြေရှင် ဦးအေးထွန်း(ဘ)ဦးဘစိန်[၁၁/စတန(နိုင်)၀၅၄၉၆၆] (UAT Group)ကိုယ်တိုင် (၂)ခန်းတွဲ(၃½/၅)ထပ်တိုက်အဆောက်အဦ ဆောက်လုပ်ရာမှ ၎င်းကိုယ်တိုင် ပိုင်ဆိုင်သော (၁၂ပေ ၆လက်မx၄၈ပေ) အကျယ်အဝန်းရှိ မြေညီထပ် (ခေါင်းရင်းခန်း)သည် မူလပိုင်ရှင်ဖြစ်သူ ဦးအေးထွန်းထံမှ ဒေါ်နန်းခမ်း(ဘ)ဦးတန်ဂျီး[၁/မကန(နိုင်)၁၂၉၂၆၅]က (၄-၇-၂၀၁၃)ရက်တွင် တန်ဖိုးငွေ ၃၀,၀၀၀,၀၀၀/-(ကျပ်-သုံးရာသိန်းတိတိ)ဖြင့်လည်းကောင်း၊ ဒေါ်နန်းခမ်းထံမှ ဒေါ်သန်းသန်းခိုင် [၁၂/မရက(နိုင်)၀၀၇၀၆၃]က (၂၄-၁-၂၀၁၄)ရက်တွင် တန်ဖိုးငွေ ၄၅,၀၀၀,၀၀၀/-(ကျပ်-လေးရာ့ငါးဆယ်သိန်းတိတိ)ဖြင့်လည်းကောင်း၊ အဆင့်ဆင့်ဝယ်ယူထားခဲ့ပြီး ဒေါ်သန်းသန်းခိုင်ထံမှ ဒေါ်ခင်စိုးဝင်း[၁၃/ကလန(နိုင်)၀၀၀၂၅၀]က (၁၈-၁၁-၂၀၁၉)ရက်တွင် တန်ဖိုးငွေ ၃၈,၀၀၀,၀၀၀(ကျပ်-သုံးရာ့ရှစ်ဆယ်သိန်းတိတိ)ဖြင့် တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်လျက်ရှိပါကြောင်း အဆိုပါတိုက်ခန်း၏ပိုင်ရှင်အစစ်အမှန်မှာ ဒေါ်ခင်စိုးဝင်းတစ်ဦးတည်းသာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စိုးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နယ်မြေ-၁၆၊ စဥ့်ငူရပ်ကွက်၊ ငါးခန်းတွဲ(၁)လမ်း၊ မြေကွက်အမှတ်-၅၁(ခ)၊ အကျယ်အဝန်း(အလျား၁၂'xအနံ ၃၆')၊ မြေပို(အလျား၁၂'xအနံ ၄')ရှိသော မူလပိုင်ရှင် ဦးဝင်းချို[၁၂/အစန(နိုင်)၁၂၉၈၃၆]ထံမှ ဒေါ်နီကိုသန့်ဇင် [၁၂/မအန(နိုင်)၀၄၆၃၄၁]က အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူထားသည့် မြေ(၁)ကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်(၁)လုံးတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်နီကိုသန့်ဇင် [၁၂/မအန(နိုင်)၀၄၆၃၄၁]က ၎င်းတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန် သဘောတူပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ပြုလုပ်သည့် အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဆွေမြင့် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၀၉၉)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၂၇၇၉၄၈၁**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အင်ကြင်းလမ်း၊ (၁၅)ရပ်ကွက်၊ အမှတ်-၄၂၆/က နေ ဦးခင်လတ် [၁၂/လမန(နိုင်)၀၆၈၆၅၂]၊ ဒေါ်ဝင်းတင်[၁၂/လမန(နိုင်)၀၆၈၆၈၅]ကိုင်ဆောင်သူတို့၏ သမီးဖြစ်သူ မအေးမာလှိုင်[၁၂/လသယ(နိုင်)၀၃၁၄၆၇]ကိုင်ဆောင်သူသည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ခြင်း၊ မိဘများအပေါ် ရိုင်းပျစွာဆက်ဆံပြောဆိုခြင်းများ အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို မိဘများနှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကာ မိဘများထံမှ မည်သည့်ရပိုင်ခွင့် အမွေပစ္စည်းကိုမျှ ပေးအပ်တော့မည် မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန်းမော်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၀၈)**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း**
**အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၂၅၂၉၂၇၁၁၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## လျှပ်စစ်-စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး (BE) ဘတ်ဂျက်ဖြင့် ဝယ်ယူမည့် 66/33kV ကော့မှူးခွဲရုံအတွက် 66/33kV, 30MVA Transformer with Onload Tap Changer (၁)လုံး အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်ရှုန်းထားအတိုင်း(၂၀.၁.၂၀၂၁) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၂.၂.၂၀၂၁)ရက်နေ့၊(၁၄း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမှတ်(၄၆၈)(ခ)ရွာမကျောင်းလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းရှိ အလျားပေ ၂၀x အနံပေ ၆၀ ဒေါ်တင်ရီအမည်ပေါက် ပါမစ်မြေကို ကျွန်တော် ဦးစိုးလှိုင်[၁၂/မဂဒ(နိုင်)၀၈၀၀၂၇] ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါသည်။ ဤပါမစ်မြေအား ဂရန်ပြောင်းလဲလျှောက်ထားတော့မည်ဖြစ်သဖြင့် ကန့်ကွက်မည့်သူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးစိုးလှိုင်[၁၂/မဂဒ(နိုင်)၀၈၀၀၂၇]**
**ဖုန်း-၀၉-၂၅၀၅၀၈၃၉၃၊ ၀၉-၉၇၇၈၇၈၂၁၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ရေစက်လမ်း၊ တိုက်အမှတ်(၄၅၅) ၃ခန်းတွဲ(၅)ထပ်တိုက်အဆောက်အဦး၏ ၃လွှာ(ယာ)၊ အကျယ်အဝန်း(၁၁½ပေ ×၄၇ပေ)ရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချိုချိုမာ(၁၂/တမန(နိုင်)၀၄၆၀၃၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဦးကျော်နိုင်(၁၂/ပဇတ(နိုင်)၀၃၉၉၂၅)မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း၊ မူရင်းအထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးချစ်ဆွေဦး(LL.B,D.B.L)
အထက်တန်းရှေ့နေ(စဉ်-၃၆၈၂၁)
အမှတ်(၆/၈)၊ ၆လွှာ(B/C)၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
Ph: 09 791500692

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနှင့် အရိယမဂ္ဂင်လမ်းထောင့်၊ အမှတ်(၁၃)၊ ရှစ်ထပ်ခွဲတိုက်၏ ခေါင်းရင်း(၈)လွှာ၊ (သတ္တမ)ထပ်၊ အခန်း(၇/B)၊ အကျယ်အဝန်း ပေ (၁၈x၄၈.၆)၊ ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာပါဝင်သော မီနီကွန်ဒို(တိုက်ခန်း)နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဖြူသန္တာနိုင်[၁၂/တမန (နိုင်)၀၉၂၇၃၅]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဖြိုးသိန်း (စဉ်-၅၁၁၂၇)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၅၀၀၀၃၄၉**
**တိုက်(၃၀-ဘီ)၊ အခန်း(စီ-၅)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**Email:landandhousesco.ltd@gmail.com**

## "Power Seven Star Co.,Ltd.ဦးပြည့်ဖြိုးနိုင်(မန်နေဂျင်းဒါရိုက်တာ)နှင့် အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၁၀)လမ်း(တောင်ဘက်ခြမ်း)၊ အမှတ်(၆၇၄)နေ ဦးဟန်နေလင်း[၁၂/အစန(နိုင်)၁၇၅၆၈၄]နှင့် ဒေါ်အေးသင်ဇာလွင်[၁၂/ဥကမ(နိုင်) ၁၇၂၈၃၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် လူကြီးမင်းတို့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်ဥက္ကာလမ်း၊ အမှတ်(၇၄၄/က)ဟုခေါ်တွင်သော မြေအိမ်နှင့်ပတ်သက်၍ (၃၀-၁-၂၀၂၀)ရက်စွဲပါ "နှစ်ဦးသဘောတူ(၂)ထပ်ခွဲအဆောက်အဦဆောက်လုပ်ခြင်းကတိစာချုပ်"နှင့် (၆-၈-၂၀၂၀)ရက်စွဲပါ" နှစ်ဦးသဘောတူထပ်တိုး လုပ်ငန်းကတိစာချုပ်"၊ (၁၆-၁၁-၂၀၂၀)ရက်စွဲပါ "နောက်ဆက်တွဲ (က)နှစ်ဦး သဘောတူညီချက်ကတိစာချုပ်" များ ချုပ်ဆို၍ (၂)ထပ်ခွဲအဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းအား လုပ်ကိုင်ရန်အတွက် ချုပ်ဆိုခဲ့ကြကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ကျွန်ုပ်၏မိတ်ဆွေဘက်မှ လုပ်ငန်းအပ်နှံစဉ် အထက်အပိုဒ်(၁)ပါမြေအိမ်အား လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေတို့ (၂)ဦးမှဝင်ထွက်နိုင်ရန် နေအိမ်ဝင်းတံခါးသော့များအား တူညီစွာတစ်စုံစီလက်ခံထား၍ လုပ်ငန်းအပ်နှံခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် လူကြီးမင်းတို့ချုပ်ဆိုသော "(၁၆-၁၁-၂၀၂၀)ရက်စွဲပါ စာချုပ်အပိုဒ်(၂)"တွင် လုပ်ငန်းလုပ်ဆောင်ရမည့်ကာလကို စတင်ဆောင်ရွက်သည့် (၂၁-၁၁-၂၀၂၀)ရက်မှစ၍ ရက်ပေါင်း(၄၅) ရက်ဟု သတ်မှတ်သဘောတူထားပြီး၊ လူကြီးမင်းတို့အနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်သည့် (၂၁-၁၁-၂၀၂၀)ရက်မှ (၄-၁-၂၀၂၁)ရက် နောက်ဆုံးထား၍ အဆောက်အဦကို ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း ဖော်ပြပြီး စာချုပ်ချုပ်ဆိုခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရသည်။ ယခုအခါ လူကြီးမင်းတို့ဘက်မှ အဆောက်အဦကို သတ်မှတ်သည့်ရက်ကျော်လွန်သည်အထိ ကျွန်ုပ်၏မိတ်ဆွေထံသို့ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိဘဲ လက်ရောက်ပြန်လည်အပ်နှံပေးခြင်းမရှိကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့အပြင် လူကြီးမင်းဘက်မှ နေအိမ်သို့ဝင်ထွက်ရာသော့အား အသစ်လဲလှယ်ပြီး ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော နေအိမ်ထဲသို့ ကျွန်ုပ်၏မိတ်ဆွေဝင်ထွက်ခွင့်မရအောင် ပြုလုပ်ထားကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော အမှတ်(၇၄၄/က)၊ ဗိုလ်ဥက္ကာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နေအိမ်အား လက်ရောက်ပြန်လည်အပ်နှံရန် တောင်းဆိုပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ မိမိပိုင်ဆိုင်သောမြေအိမ်ကို လူကြီးမင်းထံမှ လက်ရောက်ပြန်လည် လက်ခံရယူပြီးနောက်မှ လူကြီးမင်းထံမှ ရရန်ကျန်ရှိသောအပ်နှံလုပ်ငန်းအတွက် နစ်နာမှုများကို ဥပဒေနှင့်အညီ ရယူဆောင်ရွက်နိုင်ရန် အစီအမံများပြုလုပ်မည်ဖြစ်ပြီး ပဋိညာဉ်ဖောက်ဖျက်မှုအတွက် နစ်နာကြေးငွေများကို တရားစွဲဆိုတောင်းခံမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားပါသည်။

သို့သော် လိုက်နာခြင်းမရှိပျက်ကွက်ပါက ကျွန်ုပ်၏မိတ်ဆွေ ပိုင်ဆိုင်ထားသောမြေအိမ်အပေါ် သော့ပြောင်းခတ်ထားမှုအား ပြစ်မှုကြောင်းအရ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် လွှဲအပ်ညွှန်ကြားထားကြောင်း Power Seven Star Co.,Ltd. ဦးပြည့်ဖြိုးနိုင်(မန်နေဂျင်းဒါရိုက်တာ) နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟန်နေလင်းနှင့်ဒေါ်အေးသင်ဇာလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L.,D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏